# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၀၅)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ၊ ၁၅–၃–၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် (၃၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များ တက်ရောက်

နေပြည်တော် မတ် ၁၄

ဖိလစ်ပိုင်နိုင်ငံ တာဂွစ်မြို့တွင် မတ် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (Thirty-Second ASEAN Economic Ministers' Retreat-32nd AEM Retreat)နှင့် ဆက်စပ်အစီအစဉ်များသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

(၃၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး ပထမပိုင်းတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN Business Advisory Council-ASEAN-BAC)က ၂၀၂၆ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့်စီမံကိန်းများနှင့် လုပ်ငန်းစဉ်များတင်ပြခြင်း၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန (Economic Research Institute for ASEAN and East Asia-ERIA)က အာဆီယံ၏ စီးပွားရေးခံနိုင်ရည်ရှိမှုကို မြှင့်တင်ပေးမည့် စက်မှုဆိုင်ရာမူဝါဒမူဘောင် ရေးဆွဲပေးမည့်ကိစ္စအား အဆိုပြုတင်ပြခြင်း၊ အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)တို့အကြား မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ရန် အဆိုပြုအစီအစဉ်များအပေါ် စီးပွားရေးဝန်ကြီးများက ပုဂ္ဂလိကအခန်းကဏ္ဍ ခိုင်မာအားကောင်းစေရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးတင်ပြချက်များအား အစည်းအဝေးက မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်း ဆက်လက်ကျင်းပရာ စီးပွားရေးဝန်ကြီးများက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးသုံးသပ်ချက်များ၊ အာဆီယံအဆင့်မြင့်အစည်းအဝေးတို့မှ ထွက်ပေါ်လာသည့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အာဆီယံ ပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Geoeconomic Task Force-AGTF) နှင့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High-Level Task Force on ASEAN Economic Integration-HLTF-EI)တို့မှ တင်ပြသည့် အကြံပြုချက်များ၊ ရေရှည်တည်တံ့မှု (Sustainability) ဆိုင်ရာ ကနဦးလုပ်ငန်းစဉ်များနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှု အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။




ယင်းနောက် စီးပွားရေးဝန်ကြီးများက ၂၀၂၆ ခုနှစ်၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံက ဆောင်ရွက်မည့် ဦးစားပေးစီးပွားရေးလုပ်ငန်းစဉ်များအနက် အာဆီယံစီးပွားရေးဝန်ကြီးများကြီးကြပ်မှုအောက်ရှိ သဘောတရားစာတမ်း (Concept Paper) များကို အတည်ပြုခဲ့ကြသည်။

ထို့ပြင် စီးပွားရေးဝန်ကြီးများက အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ် (ASEAN Digital Economy Framework Agreement-DEFA) ကို ၂၀၂၆ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့်လမ်းညွှန်ချက်များ ပေးခဲ့ပြီး အာဆီယံ ပြင်ပမိတ်ဖက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ ကိုရီးယား၊ အိန္ဒိယတို့နှင့် လွတ်လပ်သော **စာမျက်နှာ ၇ သို့** ■

## စက်သုံးဆီအရောင်းဆိုင်များတွင် Barcode / QR Code များ အသုံးပြုမှုအခြေအနေနှင့် နိုင်ငံတကာနှင့် ပြည်တွင်းဈေးနှုန်းနှိုင်းယှဉ်ချက်အား အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် စက်သုံးဆီအမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ ၁၂-၃-၂၀၂၆ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မော်တော်ယာဉ်များအတွက် Wheel Tax တွင်ပါရှိသည့် Barcode နှင့် မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါ အချက်အလက်များကို အသုံးပြု၍ QR Code ထုတ်ပေးပြီး Application ဖြင့် စစ်ဆေးသည့် နည်းလမ်းကို အသုံးပြုဆောင်ရွက်လျက်ရှိပြီး ပိုမို၍အဆင်ပြေကောင်းမွန်လာစေရန် Application Software နည်းပညာပိုင်းဆိုင်ရာမြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၃ သို့** ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် မတ် ၁၄

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မိုး/ဓလ**

၂၀၂၆ ခုနှစ် ၊ မတ် ၁၅ ရက် ၊ တနင်္ဂနွေနေ့။

မန္တလေး

# စိတ်ကောင်း၊ စေတနာကောင်းများမွေးမြူရမည်

စိတ်သည် အသက်ရှင်သန်နေသောလူတစ်ယောက်အတွက် အရေးအပါဆုံး မမြင်နိုင်သော အရာဖြစ်သည်။ စိတ်ထားကောင်းကို မွေးမြူရန်လိုသည်။ စိတ်ကိုထိန်းသိမ်းတတ်ရန်လိုသည်။ စိတ်ကို မြင့်တင်ရန်လိုသည်။ စိတ်ကို လန်းဆန်းသစ်လွင်နေအောင် လေ့ကျင့်ကြရမည်ဖြစ်သည်။

သို့မှသာ စိတ်တိုင်းကျကျ ဘဝကို ပိုင်ဆိုင်လာနိုင်ကြလိမ့်မည်ဖြစ်သည်။ထို့ကြောင့် မြတ်စွာဘုရားက အရာရာတွင် စိတ်သာလျှင် ပဓာနဖြစ်သည်ဟု ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

လောကတွင် လူတို့သည် စိတ်ကူးယဉ်တတ်ကြသည်။ စိတ်ကူးယဉ်သည် ဆိုသည်မှာ စိတ်ကို ကောင်းမွန်သော အခြေအနေတစ်ခုဆီသို့ ကူးခတ်ရောက်ရှိသွားစေခြင်းဟု အဓိပ္ပါယ်ရသည်။

လူတစ်ယောက်သည် ဘဝတစ်ခုကိုစတင်မွေးမြူတည်ဆောက်မည်ဆိုပါက ထိုဘဝရည်မှန်းမျှော်လင့်သော စိတ်ကူးစိတ်သန်းများရှိနေမည်ဖြစ်သည်။ လူ့လောကတွင်မျက်စိဖြင့် မြင်နိုင်သော အလှတရားများရှိသကဲ့သို့ မျက်စိဖြင့်မမြင်နိုင်သော အလှတရားများလည်းရှိသည်။ သဘာဝရှုခင်းဆိုင်ရာ အလှအပများ၊ ရုပ်ဝတ္ထုဆိုင်ရာ အလှအပများ စသည့်အလှတရားများသည် မျက်စိဖြင့်မြင်သာသော အလှတရားများပင်ဖြစ်သကဲ့သို့ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ဥပေက္ခာ ဟူသော ဗြဟ္မစိုရ် တရားများမှာ လူသားတို့၏ စိတ်တွင် ကိန်းအောင်းနေသည့်မျက်စိဖြင့် မမြင်နိုင်သော အလှတရားများပင်ဖြစ်သည်။ စိတ်အလှဆိုသည်မှာ လူသားတို့၏ စိတ်ကောင်းစေတနာအလှပင်ဖြစ်သည်။

စိတ်ကောင်းစေတနာရှိသူများသည်ကိုယ်ချင်းစာစိတ်ကို လက်ကိုင်ထားကြသူများဖြစ်သည်။ သူတစ်ပါး၏ ကောင်းကျိုးကို လိုလားနှစ်သက်၍ မိမိထက်တိုးတက်အောင်မြင်မှုကိုလည်း ဝမ်းသာစိတ်နှင့်အတူ မုဒိတာပွားကြသည်။ မိမိထက်နိမ့်ကျသူများကို ချစ်ခြင်း၊ မုန်းခြင်းကင်းစွာဖြင့် စာနာသနားစိတ်နှင့်အတူ ခွင့်လွှတ်တတ်သူများဖြစ်သည်။ ကိုယ်ချင်းစာစိတ်ရှိသူများသည် ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ကျင့်ကြံနေထိုင်တတ်သည့် စိတ်ကောင်းရှိသူများဖြစ်သည်။

လောကတွင်အလှတရားကို ဖျက်ဆီးသည့်အရာများသည် လောဘ၊ဒေါသ၊မောဟ၊မာန တရားများပင်ဖြစ်သည်။ မကောင်းသော စိတ်ရှိသူသည် အတ္တဟူသော မိမိအကျိုးတစ်ခုတည်းကိုသာ ကြည့်တတ်သူများဖြစ်၍ လူ့ဘောင်လောကတွင် အပေါင်းအသင်းပင်မရှိ အထီးကျန်စွာ နေရမည်ဖြစ်သည်။ သံကိုသံဖျက် သံချေးတက်ဆိုသကဲ့သို့ မကောင်းသောစိတ်များသောသူသည် ထိုမကောင်းသောစိတ်များကြောင့် လူအများ၏ ရှောင်ဖယ်ခြင်းခံရမည်ဖြစ်သည်။ မကောင်းသောစိတ်များကို ဖယ်ရှားသုတ်သင်ပါက စိတ်ကောင်း၊ စေတနာကောင်းများ ဝင်ရောက်လာမည်ဖြစ်သည်။

လောကလူသားများသည် တစ်ဦးတစ်ယောက်ထဲရပ်တည်နေထိုင်၍ မရသဖြင့် လူအချင်းချင်းပေါင်းသင်းဆက်ဆံနေထိုင်ကြရမည်ဖြစ်သည်။ ထိုသို့နေထိုင်ရာတွင် "စိတ်ကောင်းထားက မိတ်ကောင်းရ" ဆိုသကဲ့သို့ စိတ်ထားကောင်းသူသည် လူ့ဘောင်လောကတွင် မိတ်ဆွေကောင်းများစွာရရှိ၍ အများက လေးစားချစ်ခင်ခြင်းကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

စိတ်ကောင်းရှိသူသည် အကောင်းအဆိုး၊ အမှားအမှန်များကိုဉာဏ်ဖြင့် ဝေဖန်ဆင်ခြင်သုံးသပ်၍ အတ္တဟူသော မိမိအကျိုးထက် ပရဟိတသောအများအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြမည်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များပီပီ ကံ ကံ၏အကျိုးကို သက်ဝင်လျက် ကံကောင်းခြင်းများရရှိနိုင်သည့် စိတ်ကောင်း၊ စေတနာကောင်းများ မွေးမြူကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မစ္စတာ အလီ မိုဟာမက် အဘူကာအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆိုမာလီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာအလီ မိုဟာမက် အဘူကာအား ကွာလာလမ်ပူမြို့ အခြေစိုက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆိုမာလီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဆိုမာလီယာအစိုးရ၏ အဆိုပြုချက်ကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အလီ မိုဟာမက် အဘူကာကို ၁၉၅၄ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ဆိုမာလီယာနိုင်ငံ မိုဂါဒီရှုမြို့တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ဆိုမာလီယာနိုင်ငံရှိ ဆိုမာလီအမျိုးသားတက္ကသိုလ်မှ အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာ(ဒီပလိုမာ)ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံရှိ ဖရန်ချေ-ကွန်တေတက္ကသိုလ်မှ အာရပ်ဘာသာနှင့် ပြင်သစ်ဘာသာ(ဒီပလိုမာ)ကို ၁၉၉၀ ခုနှစ်တွင်လည်းကောင်း၊ ဆိုမာလီယာနိုင်ငံရှိ ဆိုမာလီယာသံတမန် သင်တန်းကျောင်းမှ သံတမန်ရေးရာ မိတ်ဆက်(ဒီပလိုမာ)ကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဗြိတိန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် ပညာရေးဆိုင်ရာ အကြံပေး၊ စကားပြန်နှင့် ဘာသာပြန်တစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဘရပ်ဆဲလ်မြို့ အခြေစိုက်ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ ဆိုမာလီယာသံရုံးတွင် ပထမအတွင်းဝန်/သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၂၄ ခုနှစ်မှ လက်ရှိအထိ ကွာလာလမ်ပူမြို့အခြေစိုက် မလေးရှားနိုင်ငံဆိုင်ရာ ဆိုမာလီယာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ မုန်တိုင်ဓမ္မာရုံ၌ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ(၁၆၁)ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပေးပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၃၈)

# ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြစ်သား မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ လမ်းခွကျေးရွာအုပ်စု၊ ပေတောကျေးရွာကွင်းအမှတ်(၄၆၅)၊ ဦးပိုင်အမှတ်(၁၀၇)တောင်သူ ဒေါ်တင်၏ လယ်မြေ ငါးဧကတွင် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ထိုင်းနှံကောက်စပါးမျိုးကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီခွဲက စံပြကွက်စိုက်ခင်းတွင် ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးပွဲကျင်းပသည်။

ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်စက်မှုလယ်ယာဦးစီးဌာန အင်းကုန်းစက်ရုံမှူး ဦးမျိုးလွင်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြမည့် စက်ကိရိယာများ အကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေးက ကောက်စိုက်စက်စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်ပြည့်မီကာ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ အချိန်ကုန် သက်သာခြင်း၊ သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များ ပြုစုထိန်းသိမ်းမှု လွယ်ကူစိတ်ချရခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ လေဝင်လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှုတိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးထားသော စပါးခင်းအား စပါးရိတ်သိမ်း ခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်းကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။



ကောက်စိုက်စက်ဖြင့်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုကာ တက်ရောက်လာသည့် ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ကျောက်ဆည်ခရိုင်စက်မှုလယ်ယာဦးစီးဌာန အင်းကုန်းစက်ရုံမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံတောင်သူ(၈၀)ဦးခန့်တက် ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

**အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၇ /၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်၊
(ခ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ (က) အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန်၊
(ခ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာကာသဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံ တည်ဆောက်နိုင်ရန်၊
(ဂ) အာကာသပညာရပ်ကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးချနိုင်ရန်၊
(ဃ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းစောင့်ရှောက်ရန်၊
(င) စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် တုံ့ပြန်ရေးအပါအဝင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အာကာသနည်းပညာများဖြင့် အထောက်အကူပြုနိုင်ရန်။

**အခန်း(၃)**
**ကော်မရှင်ဖွဲ့စည်းခြင်း**

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် သင့်လျော်သည့်ပုဂ္ဂိုလ် အနည်းဆုံးငါးဦးဖြင့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကိုဖွဲ့စည်းသည့်အခါ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်တွင်ခန့်အပ်တာဝန်ပေးရန် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို ကော်မရှင်တွင် ခန့်အပ်တာဝန်ပေးလိုလျှင် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၇။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

**အခန်း(၄)**
**ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၈။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၉။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၀။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက တာဝန်မှရပ်စဲနိုင်သည်-

(က) ဆေးစစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကိုဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊
(ခ) ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း။

၁၁။ နိုင်ငံတော်သမ္မတသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာ လစ်လပ်လျှင် သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖြည့်စွက်ခန့်ထားရမည်။

**အခန်း(၅)**
**အထွေထွေ**

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ ကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတ၏သက်တမ်းအတိုင်း ဖြစ်သည်။

၁၄။ ကော်မရှင်၏ရုံးလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

☆ ရွှေ့ဖုံးမှ

၁၂-၃-၂၀၂၆ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီး မြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ Application အသုံးပြု၍ စိစစ်ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် ၆၂၀၁၇ စီးနှင့် မော်တော်ဆိုင်ကယ် ၅၆၀၈၀ စီးကို အဆင်ပြေချောမွေ့စွာ ရောင်းချပေးနိုင်ခဲ့ပါသည်။ ယင်းသို့ စမ်းသပ်အသုံးပြုရာတွင် အချို့ယာဉ်များ၏ Wheel Tax Barcode များမှာ ဆေးရောင်မှိန်သည့်အတွက် Scan ဖတ်ရန်အခက်အခဲရှိခြင်း၊ Wheel Tax ၏ Barcode တွင် ပါဝင်သည့်ယာဉ်၏ အချက်အလက်နှင့် စနစ်၏အချက်အလက်များအကြား ကွဲလွဲမှုအချို့ တွေ့ရှိရခြင်း၊ အချို့ယာဉ်များမှာ တစ်ရက်အတွင်း ထပ်မံပြန်လည်ဝယ်ယူရန်ကြိုးစားခြင်းများကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယာဉ်၏အချက်အလက်များ ပိုမိုပြည့်စုံမှန်ကန်စေရေး သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

Barcode ဖတ်မရသည့် ယာဉ်များအတွက် အရောင်းဆိုင်များတွင် ယာဉ်၏အချက်အလက်များကို ဖြည့်သွင်းစေပြီး စက်သုံးဆီဝယ်ယူရန်အတွက်သာ QR Code များ ထုတ်ပေးခြင်းစနစ်ကို ၁၅-၃-၂၀၂၆ ရက်နေ့မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း Wheel Tax Barcode ဖတ်မရသည့်ကိစ္စနှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အမြန်ဆုံးသွားရောက်ဆောင်ရွက်ရမည်ဖြစ်သည်။

ခရီးဝေးသွားလာသည့် ကိုယ်ပိုင်ယာဉ်များအတွက် စက်သုံးဆီဖြည့်လိုပါက Scan ထပ်မံဖတ်ရန်မလိုဘဲ ယင်းရက်အတွက် စက်သုံးဆီဝယ်ယူထားသည့် ငွေရှင်းပြေစာကိုပြသ၍ အဝေးပြေးလမ်းမကြီးများရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားခရီးဝေး(မိုင် ၁၀၀ အထက်)မြို့များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ထပ်မံဝယ်ယူနိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံတကာစက်သုံးဆီဈေးနှုန်းသည် နေ့စဉ်နှင့်အမျှ လျင်မြန်စွာမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ရေနံအကျပ်အတည်းမဖြစ်မီ နိုင်ငံတကာစက်သုံးဆီဈေးနှုန်းနှင့် ၁၃-၃-၂၀၂၆ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ရာတွင် ဓာတ်ဆီအုပ်စုတွင် ၇၀ ရာခိုင်နှုန်းကျော်နှင့် ဒီဇယ်အုပ်စုတွင် ၁၀၀ ရာခိုင်နှုန်းကျော် မြင့်တက်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတကာဈေးနှုန်း သိသာစွာမြင့်တက်လာသော်လည်း နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ပြီး စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိရာ အကျပ်အတည်းမဖြစ်မီဈေးနှုန်းနှင့် ၁၃-၃-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဈေးနှုန်းများမှာ ဓာတ်ဆီအုပ်စုတွင် ၁၂ ရာခိုင်နှုန်းနှင့် ဒီဇယ်အုပ်စုတွင် ၂၃ ရာခိုင်နှုန်းသာမြင့်တက်သည်ကို တွေ့ရှိရမည်ဖြစ်သည်။







နိုင်ငံတော်အတွင်း စက်သုံးဆီသိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင် ရက် ၄၀၊ ဒီဇယ်အုပ်စုတွင် ရက် ၅၀ အတွက် သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန်ရောက်ရှိနေသည့် ဆီတင်သင်္ဘော သုံးစင်း၊ Pilot တွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော နှစ်စင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော သုံးစင်း၊ ဆီတင်ရန်စောင့်ဆိုင်းနေသည့် ဆီတင်သင်္ဘော ၁၂ စင်း စုစုပေါင်း ဆီတင်သင်္ဘော ၂၀ ရှိပါသည်။ ထို့အပြင် မတ်လအတွင်း စက်သုံးဆီသင်္ဘော ၁၉ စင်း ထပ်မံတင်သွင်းရန်လည်း စီမံထားရှိပြီးဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တွင် စက်သုံးဆီသိုလှောင်ထားမှုပမာဏ ထပ်မံမြင့်တက်လာမည်ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို ပြည်သူများအားလုံး ညီတူညီမျှ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက် စီမံဆောင်ရွက်လျက်ရှိပါသဖြင့် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

# နေပြည်တော်၌ မြန်မာ့မျက်နှာစာသစ်ဖိုရမ် အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် မတ် ၁၄

"မြန်မာ့မျက်နှာစာသစ် ဖိုရမ်" (ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) "FORUM ON THE DAWN OF A NEW STATE" (Trust, Stability & Development) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၁) (MICC – I) ၌ ကျင်းပသည်။

ဆွေးနွေးပွဲ ပထမပိုင်းအဖြစ် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ (၂) ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ သဘာပတိအဖြစ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာနိုင်ဆွေဦးက ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိမြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာနိုင်ဆွေဦးက လယ်ယာ/သားငါး၊ ရေနံထုတ်လုပ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်နှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်နှင့် Public–Private Partnership (PPP) ကဏ္ဍတို့နှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဆက်စပ်တည်ရှိနေမှု၊ အစားအစာလုံခြုံမှု၊ ဖူလုံမှုအတွက် သာမက စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်း အတွက် အထောက်အကူပြုရေး၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ အလုပ်အကိုင်များ ဖန်တီးပေးရေး၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးရေးကို ထိရောက်စွာ မြှင့်တင်ပေးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း ကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ အထွက်နှုန်းနှင့် ဈေးနှုန်း၊ ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဖက်သင့်တင့်သည့် မျှခြေဖန်တီးရေး၊ စက်မှုလယ်ယာစနစ် ကူးပြောင်းမှု လွယ်ကူလျင်မြန်ရေး၊ တောင်သူများအတွက် စိုက်ပျိုးမွေးမြူရေး အာမခံစနစ်၊ သီးနှံများဈေးကွက်တည်ငြိမ်ရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာရေးအစီအမံများ၊ စိုက်ပျိုးရေးကဏ္ဍအတွက် မြေအသုံးချခွင့်နှင့် ရေရရှိရေးဆိုင်ရာ အကြံပြုချက်များ၊ မွေးမြူရေးကဏ္ဍအတွက် မြေအသုံးချခွင့်၊ အစာကုန်ကြမ်းနှင့် ဆေးကုန်ကြမ်း လိုအပ်မှု၊ မြန်မာနိုင်ငံ၏ လယ်ယာပို့ကုန်အခြေအနေ၊ Value Added ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေး၊ စားသုံးဆီ ပိုမိုထုတ်လုပ်နိုင်ရေး၊ လယ်ယာ/သားငါးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြံပြုချက်များ၊ ပို့ကုန်အာမခံစနစ်၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေခံသည့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ အကြံပြုချက်များ၊ စိုက်ပျိုးတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ လယ်ယာကဏ္ဍတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှု တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး မဏ္ဍိုင်များအပေါ် အခြေခံ၍ ယုံကြည်မှုတည်ဆောက်ရေး၊ တည်ငြိမ်သော အုပ်ချုပ်မှုစနစ် ခိုင်မာရေး၊ နိုင်ငံတော်၏ MSME အခန်းကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်း ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်ကို ဖန်တီးပေးထားနိုင်မှု၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ မူဝါဒ၊ နည်းဥပဒေပါ ရည်ရွယ်ချက်များ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးရေး၊ ပံ့ပိုးပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ အခွန်မူဝါဒနှင့် ပံ့ပိုးမှုမက်လုံးများ၊ ချေးငွေအပါအဝင် ငွေကြေးအရင်းအနှီး ပံ့ပိုးမှု၊ MSME ဖွံ့ဖြိုးရေးအတွက် လူငယ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ Social Protection ဆိုင်ရာ အထောက်အပံ့များ ရရှိရေး၊ တရားမဝင်စီးပွားရေးလုပ်ငန်း (Illegal Business)နှင့် အလွတ်သဘော စီးပွားရေးလုပ်ငန်း (Informal Business) ကွဲပြားမှု၊ Independent Body for MSME အဖွဲ့ ဖွဲ့စည်း၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်လမ်းပြမြေပုံတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ SMART Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မြန်မာနိုင်ငံ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ လျှပ်စစ်ဓာတ်အား၊ ရထားလမ်းများ၊ ဆိပ်ကမ်းများ ဖွံ့ဖြိုးမှုတွင် အကန့်အသတ်ရှိနေခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမြင့်မှု၊ လျင်မြန်စွာ ဖွံ့ဖြိုးနေသော မြို့များအတွက် ခေတ်မီအခြေခံအဆောက်အအုံများ လိုအပ်နေမှု၊ Intangible Infrastructure ဖွံ့ဖြိုးရေး၊ နိုင်ငံလုံခြုံရေးနှင့် စွမ်းအင်ဆက်စပ်မှု၊ မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ၊ နိုင်ငံတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေ၊ Digital Prepaid Meter စနစ်အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ဇနက ပညာရေးဖောင်ဒေးရှင်း အထွေထွေ အတွင်းရေးမှူး ဒေါက်တာ ဇော်နိုင်တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိမြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဦးညီအုန်းမြင့်က ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ မူဝါဒ၊ ပထဝီစီးပွားရေးနှင့်ဒေသတွင်းပေါင်းစည်းရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ထုတ်လုပ်မှုနှင့် အလုပ်သမား ငွေကြေးစီးဆင်းမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဇော်က ပထဝီစီးပွားရေးအရပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေ၊ ပထဝီစီးပွားရေး အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်သော ကမ္ဘာ့နိုင်ငံများ၊ အမေရိကန်ကမ္ဘာအဖြစ် ဖော်ဆောင်ခဲ့မှု၊ ဖွံ့ဖြိုးမှု မူဝါဒများကိုပြောင်းလဲဖော်ဆောင်လာသည့် အာဆီယံနိုင်ငံများ၊ အာဆီယံဒေသတွင်း ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးမှု ကွာဟချက်၊ ထုတ်လုပ်မှုစွမ်းအားနှင့် ကုန်သွယ်ရေး အခြေအနေ၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းချမှုများအပါအဝင် တရားမဝင် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှု၊ ကုန်ထုတ်စွမ်းအား လိုအပ်ချက်၊ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာများ ဖော်ဆောင်ခြင်း၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ စုပေါင်း၍ ဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ဇနကပညာရေး ဖောင်ဒေးရှင်း အထွေထွေ အတွင်းရေးမှူး ဒေါက်တာဇော်နိုင်က မြန်မာနိုင်ငံ၏ လူဦးရေပိရမစ်နှင့် လူဦးရေဆုလာဘ်၊ ပညာရေး၊ Public–Private Partnership (PPP) ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံရှိအကြီးစားစီမံကိန်းများကို ပြန်လည်စိစစ်သုံးသပ်ခြင်း၊ PPP အားကောင်း ခိုင်မာရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအရေး စိတ်ပါဝင်စားကြသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးကြသူများက အသေးစိတ်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲ ဒုတိယပိုင်းအဖြစ် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၃) ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဦးညီအုန်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့နှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က ဒစ်ဂျစ်တယ်စီးပွားရေး အသွင်ကူးပြောင်းမှု၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရာတွင် ထုတ်လုပ်မှု၊ ယှဉ်ပြိုင်မှုစွမ်းအားမြှင့်တင်ရန် လိုအပ်မှု၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု ရည်မှန်းချက်၊ ဒစ်ဂျစ်တယ်စနစ်က ကဏ္ဍအားလုံးအပေါ် အထောက်အပံ့ပြုနေမှု၊ MSME လုပ်ငန်းများ လိုအပ်နေသည့် Digital Marketing၊ AI နည်းပညာ ဖွံ့ဖြိုးလာမှု၊ AI တိုးတက်မှု အရှိန်အဟုန်ကြောင့် ပျောက်ကွယ် သွားနိုင်သည့် လုပ်ငန်းများနှင့် ပို၍တိုးတက်လာနိုင်သည့် လုပ်ငန်းများ၊ နည်းပညာ တိုးတက်မှုနှုန်း မြင့်မားလာသည့်အတွက် လူသားအရင်းအမြစ်အတွက် မျှော်မှန်းလုပ်ဆောင်ထားရမည့် ကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်တတ်မြောက်မှု ရာခိုင်နှုန်း၊ ကျောင်းတက်မှုရာခိုင်နှုန်း၊ လူသားအရင်းအမြစ်များပြည်ပသို့ စီးထွက်ခြင်း၊ မြန်မာနိုင်ငံကရရှိမည့် လူဦးရေဆုလာဘ်ကို ထိုင်းနိုင်ငံက ခံစားခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများ၏ ပညာရေး၊ Gary Becker ၏ လူသားအရင်းအမြစ် သီအိုရီ၊ လူသားအရင်းအမြစ်များမှ ရရှိသည့် အကျိုးကျေးဇူး၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ပညာရေးနှင့် နိုင်ငံ့လူသားအရင်းအမြစ်အပေါ် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ နည်းပညာနှင့် သက်မွေးပညာရေး၊ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်း၊ ပညာသင်ယူခွင့် အခွင့်အလမ်းများကို နည်းလမ်းမျိုးစုံဖြင့် ဖန်တီးပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအရေး စိတ်ပါဝင်စားကြသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးကြသူများက အသေးစိတ်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌဦးကိုကိုကအနှစ်ချုပ် သုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဖိုရမ်နှစ်ရက်တာ ကာလအတွင်း ပါဝင်ဆွေးနွေးခဲ့ကြသည့် ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ပညာရှင်များ၏ ဆွေးနွေးချက်များသည် စိတ်ဝင်စားဖွယ်ကောင်းပြီး နိုင်ငံအတွက် အရေးကြီးကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား လက်တွေ့လုပ်ဆောင်စေလိုသည့် အချက်များကို ထောက်ပြဆွေးနွေးလိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်၊ နိုင်ငံ့ဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ရမည့် အချက်များ၊ မည်သည့်အရာများကို ဦးစားပေးဆောင်ရွက်သင့်သည်ကို သိရှိကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် မေတ္တာတရားနှင့် ယဉ်ကျေးမှုထွန်းကားသည့် နိုင်ငံဖြစ်ကြောင်း၊ သတင်းတု၊ သတင်းမှားများကြောင့် ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှု ဖြစ်စဉ်များကို လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ သိရှိနားလည်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရပ်ရွာအကျိုး၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးဆောင်ရွက်ရင်း မှန်ကန်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်က ပြည်သူများအတွက် ဆောင်ရွက်ပေးမှုများနှင့် ပြည်သူများ၏ လိုလားချက်များကို ယနေ့ တက်ရောက်လာကြသည့် လွှတ်တော် ကိုယ်စားလှယ်များက ပေါင်းကူးဆက်သွယ်ပေးပြီး ပိုမိုကောင်းမွန်အောင် ဖန်တီးပေးကြစေလိုကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရ၏ ဆောင်ရွက်မှုများ၊ လွှတ်တော်၏ဆောင်ရွက်မှုများကို မှန်ကန်စွာ သိရှိနားလည်ပြီး အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မကြာမီ စတင်မည့် လွှတ်တော်များမှတစ်ဆင့် ပြည်သူများ၏ ယုံကြည်မှု၊ နားလည်မှုရရှိအောင်ဆောင်ရွက်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ (၂) ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။




မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၃) ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မိမိရဲ့တာဝန်လို့ ခံယူထားပြီး ပြည်သူကို အကျိုးပြုဖို့ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်

**ဦးစိုင်းခမ်းလင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

နေပြည်တော် မတ် ၁၄

မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ နှစ်ရက်တာကာလ ဖိုရမ်မှရရှိခဲ့သည့် အသိအမြင် ၊ ဗဟုသုတ၊ အကြံပြုချက်၊ သုံးသပ်ဆွေးနွေးချက်များက အခြေခံမျှသာဖြစ်သော်လည်း မိမိတို့အတွေ့အကြုံများနှင့်ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်သွားပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်ပေမည်။ ပါဝင်ဆွေးနွေးပေးကြသည့် ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်သူများအားလုံးတွင် နိုင်ငံကို ပိုမိုတိုးတက်ကောင်းမွန်စေလိုသည့် တူညီသော စိတ်စေတနာကို အထင်းသားမြင်တွေ့ရပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီစွာ ရှေ့ဆက်နိုင်ရန် သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်လိုက်ခြင်းလည်းဖြစ်ရာ တက်ရောက်လာသူများ၏ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်–


ဦးညိုအုန်းမြင့်


ဒေါက်တာနိုင်ဆွေဦး


ဒေါ်သိဂီဝင်းရွှေ


ဦးသန်းရွှေ


ဦးစိုင်းခမ်းလင်း


ဒေါ်နန်းဝိုးစိန်

**ဦးညိုအုန်းမြင့်**
**အကြံပေး၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်အကြီးအကဲက အနာဂတ်မှာ နိုင်ငံကို ဘယ်လို ဆက်လက်သွားမယ်ဆိုတာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေကို လမ်းညွှန်သွားပါတယ်။ ကျွန်တော်သဘာပတိအဖြစ် ဆောင်ရွက်မယ့်အစီအစဉ်မှာ ဒစ်ဂျစ်တယ်စီးပွားရေးကို ဘယ်လိုဖော်ဆောင်ကြမလဲ၊ လူသားအရင်းအမြစ်တွေကို ဒီထက်ပိုပြီး အကျိုးရှိအောင် ဘယ်လိုလုပ်မလဲ၊ အစိုးရသစ်နဲ့ လွှတ်တော်အသစ်အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုသွားကြမလဲဆိုတာတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေက အသိအမြင်ဗဟုသုတများတဲ့သူတွေ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရှင်တွေက ဘက်ပေါင်းစုံက အသိပညာတွေကို မျှဝေပေးကြတဲ့ဖိုရမ်ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အတွေ့အကြုံ၊ အတွေးအမြင်တွေကို အမြဲတမ်းလေ့လာသင်ယူနေရပါတယ်။ နိုင်ငံအတွက် အကျိုးရှိမယ့် စိုက်ပျိုးရေး၊ စီးပွားရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး စသဖြင့် ကဏ္ဍစုံမှာ နိုင်ငံတကာပညာရှင်တွေရဲ့ အကြံပြုချက်တွေ၊ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေကနေ အကျိုးရှိရှိအသုံးချနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အခုဆိုရင် ပြည်သူတွေက ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရှိလာပါပြီ။ ကျွန်တော်တို့က အရာရာကို အသစ်နဲ့သွားရမယ့် အချိန်ရောက်ရှိလာပါပြီ။ အစိုးရအဖွဲ့အစည်းမှာ တာဝန်ယူကြမယ့်သူတွေအတွက် ကျွန်တော်တို့ရဲ့ အကြံပြုချက်တွေက သဲတစ်ပွင့်ဖြစ်ခဲ့ရင် ကျေနပ်ပါတယ်။ အသစ်တစ်ခုကို သွားဖို့ ဒီဖိုရမ်က ပြန်လည်စတင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုကောင်းမွန်တဲ့နိုင်ငံတစ်ခုကို ရောက်ရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာနိုင်ဆွေဦး**
**ဒါရိုက်တာ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

အခွင့်အလမ်းနှင့်စိန်ခေါ်မှုအပိုင်း(၂)မှာသဘာပတိအဖြစ်ဆောင်ရွက်ခဲ့တာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကနေ စက်မှုစီးပွားကူးပြောင်းရာမှာ အခွင့်အလမ်းတွေ၊ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ အခန်းကဏ္ဍ၊ လုပ်သားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်း၊ အခြေခံအဆောက်အအုံတွေနဲ့ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံအတွက် အရေးကြီးတဲ့ စွမ်းအင်ကဏ္ဍကိုလည်း ဆွေးနွေးခဲ့ပါတယ်။ မကြာခင်စတင်တော့မယ့် လွှတ်တော်ကို တက်ရောက်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ပညာရှင်တွေက လေ့လာထားတဲ့ အတွေ့အကြုံ၊ ပညာရပ်တွေ၊ အချက်အလက်တွေ မျှဝေပေးခြင်းအားဖြင့် ဥပဒေပြဋ္ဌာန်းပြင်ဆင်ရေးကဏ္ဍတွေမှာ အကျိုးပြုပေးနိုင်မှာဖြစ်ပါတယ်။ ဒီဖိုရမ်ကတစ်ဆင့် ထွန်းလင်းတောက်ပပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို မြင်ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်သိဂီဝင်းရွှေ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

ပညာရှင်တွေက သူတို့ရဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ လေ့လာဆည်းပူးထားတဲ့ အသိပညာတွေကို ဆွေးနွေးပြောကြားပေးတဲ့အတွက် ဖိုရမ်ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကို ကျေးဇူးတင်ပါတယ်။ ဒီဖိုရမ်ကရရှိတဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေကို ပြန်လည်အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသားအကျိုးစီးပွားအတွက် အကောင်းဆုံးတာဝန်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

ရောင်နီသစ်ပြီဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံက ကောင်းတဲ့အလားအလာ၊အခွင့်အလမ်းတွေအများကြီးရရှိနေပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း နိုင်ငံကောင်းကျိုးအတွက် အားလုံးပူးပေါင်းပြီး တက်ညီလက်ညီနဲ့ ကြိုးစားဖော်ဆောင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း နိုင်ငံရဲ့လိုလားချက်တွေ၊ ဖြစ်နေတဲ့အခင်းအကျင်းတွေ၊ စိန်ခေါ်မှုတွေကို ကျော်လွှားပြီး အကောင်းဆုံး မှတ်တမ်းရေးထိုးနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးသန်းရွှေ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ဒီဖိုရမ်က နိုင်ငံအတွက် အများကြီးအကျိုးရှိပါတယ်။ ပထမနေ့မှာ ပညာရှင်တွေက Green Economy ကနေ စိုက်ပျိုးရေးကိုအခြေခံတဲ့ Land Reform ကို ဆွေးနွေးပေးသွားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တန်ဖိုးရှိပါတယ်။ ကျန်ရှိနေတဲ့ကဏ္ဍတွေမှာလည်း အများကြီးပြောင်းလဲဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ကြရမှာဖြစ်ပါတယ်။ ဒီဖိုရမ်ကနေ ဗဟုသုတတွေ၊ အတွေးအမြင်သစ်တွေ အများကြီးရရှိတဲ့အတွက် အကျိုးရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဦးစိုင်းခမ်းလင်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ဖိုရမ်က နိုင်ငံတည်ဆောက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တွေ သိသင့်သိထိုက်တဲ့ အတွေးအမြင်တွေကို ပြည့်ပြည့်စုံစုံ သိရှိစေပါတယ်။ ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေပေးတဲ့ အသိပညာဝေမျှမှုတွေက ထိရောက်ပါတယ်။ ဒီလိုဖိုရမ်တွေ မကြာခဏ ကျင်းပပေးစေချင်ပါတယ်။ ကိုယ်တိုင်လေ့လာတာထက် ပညာရှင်တွေမျှဝေပေးတာက အသိပညာတွေကို တစုတစည်းတည်းရရှိလိုက်တဲ့အတွက် အင်မတန်တန်ဖိုးရှိပါတယ်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမယ့်သူတွေဖြစ်တဲ့အတွက် ဒီလိုဖိုရမ်က အကျိုးကျေးဇူးများစွာ ရရှိစေပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မိမိရဲ့တာဝန်လို့ ခံယူထားပြီး ပြည်သူကို အကျိုးပြုဖို့ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါ်နန်းဝိုးစိန်**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

ကျွန်မတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဒီဖိုရမ်က ထိရောက်တဲ့ အသိပညာတွေရရှိစေပါတယ်။ မြန်မာ့မျက်နှာစာသစ်ဖိုရမ်က ဒေသအားလုံးကို အကျိုးပြုမယ့် ဖိုရမ်တစ်ခုဖြစ်ပါတယ်။ တောင်ပေါ်ဒေသရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးနဲ့ Telecommunication ကောင်းမွန်ဖို့၊ ဈေးကွက်စီးပွားရေးရရှိအောင် ဆောင်ရွက်နိုင်ဖို့ ဒီဖိုရမ်ကနေ အသိပညာတွေရရှိပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်နဲ့ အနီးစပ်ဆုံးက ထိုင်းနဲ့ တရုတ်နိုင်ငံဖြစ်ပါတယ်။ ဆွေးနွေးချက်တွေကနေ ငွေကြေးလဲလှယ်မှုနဲ့ တရားမဝင်ဖြစ်နေတဲ့ကိစ္စတွေ၊ ငွေလွှဲပြောင်းမှုတွေကို တရားဝင်ဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိလိုက်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

အမေးအရေး–သန့်ကျော်စွာ
ဓာတ်ပုံ–အောင်မင်းသန်း

## ပုဗ္ဗသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုဗ္ဗသီရိ မတ် ၁၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အား Clean City၊ Green City ၊ Smart City ဖြစ်စေရေးအတွက် စွန့်ပစ်အမှိုက်များရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ပုဗ္ဗသီရိမြို့နယ်၊ စကားဝါလမ်းတစ်လျှောက် ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ စုပေါင်း၍ စကားဝါလမ်းတစ်လျှောက်ရှိ မြက်ပင်များ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များအား စုပေါင်းရှင်းလင်းခြင်း၊ အမှိုက်သရိုက်များအား အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများနှင့် အမှိုက်မပစ်ရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးသည် နေပြည်တော် ဆီကုန်သည်များအသင်းက သန့်ရှင်းရေးလာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့အား စားသုံးဆီ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးနေမှုကို ကြည့်ရှုခဲ့သည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

အောင်ကို(မြန်/ဆက်)



# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

၆၂။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း(Designated Non-Financial Businesses and Professions- DNFBPs) ကို လုပ်ကိုင်သည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလုပ်ကိုင်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ကျပ်သန်းနှစ်ရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ (က) မည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၅၇ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

(ခ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းအား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၀ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်သန်းငါးဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်လျှင်ဖြစ်စေ၊ အကောက်ခွန် အရာရှိ၊ သက်ဆိုင်ရာအရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့် အချက်အလက်များကို ဖုံးကွယ်လျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းသုံးရာ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ကိုင်ဆောင်သူက လွှဲပြောင်း နိုင်သော စာချုပ်စာတမ်းများအား နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ၎င်းအား ထုတ်ဆင့်သည့် ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ တားမြစ်မိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူ သည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရ မည်။

၆၇။ သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၄၊ ၅၅ သို့မဟုတ် ၅၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူ ဖြစ်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သည့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း အဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်မဆို ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ကျပ်သန်းနှစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူ တစ်ဦးဦး ဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ် ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း သို့မဟုတ် အသွင် ပြောင်းလဲခြင်း၊

(ဂ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၆၉။ မည်သူမဆို ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ် ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ချိုးဖောက်ကြောင်း သို့မဟုတ် လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပေါ့လျော့စွာဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားပါက ထိုသူ အား ကျပ်သန်းတစ်ရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းအား ကျပ်သန်းသုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

### အခန်း ( ၁၄ )
### နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၇၀။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သော အကျိုးအမြတ်၊ အသုံးပြုပစ္စည်းအပါအဝင် သက်သေခံပစ္စည်းအားလုံးကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ရန် အမိန့်ချမှတ်ရမည်။

၇၁။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သောအမှုတွင် အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေသို့ ပေးသွင်းရန် အမိန့်ချမှတ်ရမည်။

### အခန်း ( ၁၅ )
### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၇၂။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင် နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ လုံခြုံစိတ်ချရသောနည်းလမ်းအသုံးပြု၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဥပဒေ စိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်းနှင့် ပြည်တွင်း ပြည်ပ မိတ်ဖက် အဖွဲ့အစည်းများ၏ တောင်းဆိုချက်အား သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ပေးအပ်ခြင်း၊

(ခ) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုနှင့်ဆက်နွယ်သည့် ငွေကြေးနှင့်ပစ္စည်းများအား အတည်ပြုဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းအပါအဝင် ပြစ်မှုဆိုင်ရာ အကူအညီတောင်းခံသည့်ကိစ္စရပ်များ၌ "ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ"နှင့်အညီ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများသဘောတူညီချက်များဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) မှုခင်းများ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တရားခံ လွှဲပြောင်းရေး တောင်းဆိုမှုများနှင့် အခြားပုံစံများဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပူးတွဲစစ်ဆေး ခြင်း၊ စုံစမ်းထောက်လှမ်းချက်ဖလှယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် ပါဝင်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် တားဆီးနှိမ်နင်းခြင်းကိစ္စရပ်များအတွက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းနှင့် နည်းပညာအကူအညီများ ပေးအပ်ခြင်း၊ လက်ခံခြင်း၊

(စ) ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများနှင့် ပြစ်မှုကျူးလွန်သည့်နည်းပုံစံများအပေါ်အခြေခံ၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာသစ်များ ပေါ်ထွန်းရေး၊ မူဝါဒပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) တိကျမှန်ကန်ပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း များနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်း အချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အချိန်နှင့် တစ်ပြေးညီ ရယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ အဆိုပါသတင်းအချက် အလက်များကို နိုင်ငံတကာနှင့် သတင်းဖလှယ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

### အခန်း ( ၁၆ )
### ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေ

၇၃။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်နိုင်သည်-

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

( ခ ) ဤဥပဒေပုဒ်မ ၇၁ အရ တရားရုံးက အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်း၊

( ဂ ) ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ၊

(ဃ) ဤဥပဒေပုဒ်မ ၄၄ (ဃ) အရ စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူမှုများမှ ရရှိသည့် ဒဏ်ကြေးငွေများ။

၇၄။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါလုပ်ငန်းများတွင် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုနိုင်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန် များကို ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်း စစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် အကူအညီပေးသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

စာမျက်နှာ ၇ သို့ ☆

✰ စာမျက်နှာ ၆ မှ

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူကို ဆုချီးမြှင့်ခြင်း၊

(ဇ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၇၅။ (က) ဗဟိုအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထောက်ပံ့လှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရန်ပုံငွေစီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

(ခ) ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဗဟိုအဖွဲ့၏ ရုံးအဖွဲ့က ငွေထုတ်သူအရာရှိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ဗဟိုအဖွဲ့၏ ရုံးအဖွဲ့သည် ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျစာရင်းပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

### အခန်း ( ၁၇ )

### အထွေထွေ

၇၆။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။

၇၇။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်း၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများကို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရဖြစ်စေ အရေးယူခြင်းမပြုရ။

(ခ) သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၇၈။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှုရရှိသည့် အကျိုးအမြတ်များမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၇၉။ တရားစွဲအဖွဲ့အစည်းသည် ပြစ်မှုကျူးလွန်ရာမှုရရှိသည့် အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင်-

(က) ပြစ်မှုကျူးလွန်ရာမှုရရှိသည့် အကျိုးအမြတ်များသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှုရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရမြင်သာသော အထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့် ပစ္စည်းများကိုရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရကြောင်းကို သက်သေတင်ပြရန် လိုအပ်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှုရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(ဂ) ငွေကြေးခဝါချမှု ပြစ်မှုမြောက်စေရန် လိုအပ်ချက်ဖြစ်သော အသိအမြင်၊ သံသယဖြစ်မှု၊ ရည်ရွယ်ချက် သို့မဟုတ် ကြံရွယ်ချက်များကို ဖြစ်ရပ်မှန်အကြောင်းခြင်းရာများမှ ကောက်ယူနိုင်သည်။

၈၀။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၁။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရမည်။

၈၂။ ငွေကြေးခဝါချရာမှုရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံနေရသူမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့် ပစ္စည်းများအား သဘောရိုးဖြင့် ထိုက်တန်သည့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၈၃။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ဆောင်ရွက်ရာတွင် စစ်ဆေးခံရသူအပေါ် တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ ငွေကြေးခဝါချမှုဖြင့်စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ယင်းပုဂ္ဂိုလ် နိုင်ငံသားဖြစ်သည့်နိုင်ငံ၏ အနီးစပ်ဆုံး သင့်လျော်ရာ သံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေးရရှိစေရမည်။

၈၅။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်း၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏အမိန့်အရသာအသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေအရ အရေးယူခြင်းခံရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကြီးကြပ်ရေးအာဏာပိုင်တို့သည် လိုအပ်သော ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၂)အရဖြစ်စေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)အရဖြစ်စေ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၈။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

■ ရှေ့ဖုံးမှ

ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေများ၊ အီးယူ၊ အာရပ်ပင်လယ်ကွေ့နိုင်ငံများ ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေးသဘောတူစာချုပ်ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက လက်ရှိကာလတွင် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ မသေချာမှုများ မြင့်တက်နေသည့်အတွက် စီးပွားရေးလုံခြုံမှုသည် အရေးကြီးကြောင်း၊ ဒေသတွင်း တန်ဖိုးကွင်းဆက် ကြံ့ကြံ့ခံနိုင်ရေး၊ စီးပွားရေးတိုးတက်မှုတည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းစေရေးအတွက် စီးပွားရေးလုံခြုံမှုသည် မရှိမဖြစ်လိုအပ်ကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းပဋိပက္ခသည် ဒေသတွင်းစွမ်းအင်လုံခြုံမှုအပေါ် စိန်ခေါ်မှုဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် စွမ်းအင်နှင့်သယ်ယူပို့ဆောင်မှုစရိတ်မြင့်တက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ပြတ်တောက်မှု၊ စားရေရိက္ခာလုံခြုံမှုအတွက်လည်း ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီးပွားရေးအပေါ် ရိုက်ခတ်လျက်ရှိသည့် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အာဆီယံ၏အချက်အချာကျမှုကို ဗဟိုပြု၍ မည်သည့်အဖွဲ့ဝင်နိုင်ငံမျှ နောက်ကျကျန်ရစ်နေမှု မရှိစေဘဲ ဒေသတွင်းနိုင်ငံများအကြား စည်းလုံးညီညွတ်မှုအားကောင်းစေရေးကို တွန်းအားပေးဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းခိုင်မာစေရန်လည်း လိုအပ်ကြောင်း အလေးထားဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ (Priority Economic Deliverables- PEDs) အချိန်မီ အကောင်အထည်ဖော် ပြီးစီးရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံအပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှုဒေသများ ညှိနှိုင်းရာတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိသည့်ရလဒ်များ ထွက်ပေါ်လာစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

(၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကာလအတွင်း မကြာမီကဖြစ်ပွားခဲ့သော ကမ္ဘာ့စီးပွားရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို တုံ့ပြန်ရန် အာဆီယံစီးပွားရေး ကြံ့ကြံ့ခံနိုင်စွမ်းခိုင်မာစေရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်နေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအစိမ်းရောင်စီးပွားရေးကူးပြောင်းမှုနှင့်စပ်လျဉ်းပြီး ကမ္ဘာ့ဖွံ့ဖြိုးရေးဘဏ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ပူးတွဲအစီရင်ခံစာထုတ်ပြန်သည့် အခမ်းအနားသို့ တက်ရောက်ပြီး မနီလာမြို့ရှိ ဖိလစ်ပိုင်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထုတ်ကုန်များကို ခင်းကျင်းပြသသည့် Likhang Filipino ပြခန်းသို့ သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား စီးပွားဆက်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး အာဆီယံစီးပွားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

(၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ H.E Ma Christina A. Roque က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ စတုတ္ထနေ့တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများအား လိုက်လံကြည့်ရှု






**မန္တလေး မတ် ၁၄**

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ယနေ့စတုတ္ထနေ့တွင် သက်ဆိုင်ရာဘာသာရပ်အသီးသီးကို ဖြေဆိုကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်း စာစစ်ဌာနများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ကျောက်ဆည်ခရိုင်အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဘယ်လင်း၊ အခြေခံပညာအထက်တန်းကျောင်း(စဥ့်ကိုင်)၊ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)တို့တွင် ဖွင့်လှစ်ထားသည့် စာစစ်ဌာနအသီးသီးသို့ရောက်ရှိပြီး ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုအတတ်ပညာ(ပေါင်းစပ်သိပ္ပံ)နှင့် စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး-၃) ဘာသာရပ်များကို ဖြေဆိုနေမှုများအား လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုသူဦးရေ၊ စာရေးကိရိယာများ အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိမှု၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာမေးပွဲဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ လုပ်ငန်းကိစ္စများကို အထူးဂရုပြု အလေးထား စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ထောက်ပံ့ကိစ္စများ ဆောင်ရွက်ပေးနေကြသူများကို ရင်းနှီးစွာနှုတ်ဆက်စကားများ ပြောကြားခဲ့သည်။



ယနေ့ မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲများ ဘာသာရပ်အလိုက် ဖြေဆိုမှုများအနေဖြင့် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန (၁၀၈)ခု ဖွင့်လှစ်ထားရှိပြီး ဓာတုဗေဒဘာသာရပ်တွင် ဖြေဆိုသူ (၄၄၂၀၆)ဦး၊ ဖြေဆိုမှု (၉၅ ဒသမ ၇၄)ရာခိုင်နှုန်း၊ ပထဝီဝင်ဘာသာရပ်တွင် ဖြေဆိုသူ (၁၂၃၄)ဦး၊ ဖြေဆိုမှု (၈၉ ဒသမ ၈၁)ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန ခြောက်ခုဖွင့်လှစ်ထားရှိပြီး စက်မှုအတတ်ပညာ(ပေါင်းစပ်သိပ္ပံ)ဘာသာရပ်တွင် ဖြေဆိုသူ (၂၆၀)ဦး၊ ဖြေဆိုမှု (၉၉ ဒသမ ၂၄ ရာခိုင်နှုန်း) စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး-၃) ဘာသာရပ်တွင် ဖြေဆိုသူ (၅၈)ဦး၊ ဖြေဆိုမှု (၁၀၀ ရာခိုင်နှုန်း)ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက စာမေးပွဲကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနိုင်ရေး၊ သွားလာရေး အဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







## အေးမြကြည်လင်ဈေး မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ အေးမြကြည်လင်ရပ်ကွက်ရှိ အေးမြကြည်လင်ဈေး မီးဘေးလုံခြုံရေးအတွက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိုက်ထိုက်ဇော်၊ စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးသိန်းဇော်ထွန်း၊ ဒုတိယဦးစီးမှူး ဦးလှိုင်ဝင်းဆွေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး၊ မြို့နယ်လျှပ်စစ်မှ လျှပ်စစ်ကျွမ်းကျင်(၄) ဦးရဝေလင်းနှင့် ဈေးကော်မတီဝင်များ လိုက်ပါ၍ ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးမီးဘေးလုံခြုံရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အကြံပြုဆွေးနွေးခြင်းမှာကြားခဲ့ကြောင်း သိရသည်။

(၄၈၅)

* – * – * – * – * – *

## ပျော်ဘွယ်မြို့ စည်ပင်သာယာဈေးနှင့် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့ စည်ပင်သာယာဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို မတ် ၉ ရက် ညနေ ၃ နာရီက အဆိုပါဈေး၌ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အရေးပေါ်ဖုန်းနံပါတ်ဖြစ်သည့် ၁၉၁ Application ကို အသုံးပြုနိုင်ရေး၊ ဈေးအတွင်း မီးလောင်မှုမဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပူပြင်းသည့် ရာသီသို့ ရောက်ရှိလာခြင်းကြောင့် မီးဘေးကာကွယ်ရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်နိုင်ရေးတို့ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက ဈေးအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရေသိုလှောင်ကန်ထားရှိမှု၊ မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် အဖွဲ့သည် စက်သုံးဆီအရောင်းဆိုင် မီးဘေးလုံခြုံရေးထောက်ခံချက် လျှောက်ထားသည့်ဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး မီးဘေးလုံခြုံရေးအတွက် တပ်ဆင်ထားရှိသော ပစ္စည်းကိရိယာများ၊ သိုလှောင်ကန်များ၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်း၊ မီးသတ်စက်ဖြင့် လက်တွေ့စမ်းသပ် အသုံးပြုမှုများအား စစ်ဆေး၍ လိုအပ်ချက်များကို အကြံပြုမှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(အောက်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ ဖယောင်းတိုင်ကုန်ပြီး မီးပွားကျကာ မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ဈေးတန်းရပ်၊ အိမ်အမှတ်(၇/၁၄) နေအိမ်တွင် ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ ဖယောင်းတိုင်ကုန်ပြီး မီးပွားကျကာ အနီးရှိ ဘုရားစာအုပ်မှတစ်ဆင့် ထရံသို့ မီးကူးစက်ပြီး မီးလောင်မှုသည် မတ် ၉ ရက် ည ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။



မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်း ဦးဆောင်၍ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူးဦးကျော်ကျော်ဦးနှင့် သန္ဓေတပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ ဦးသည် မီးငြိမ်းသတ်ယာဉ် ၁၀စီး၊ မီးသတ်ရေသယ်ယာဉ်ငါးစီး၊ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် (၁၀× ၂၀)ပေ၊ သွပ်မိုး၊ ကျောက်ပြားကာ နေအိမ်တစ်လုံး၊ ပေ(၂၀×၃၀) သွပ်မိုး၊ ထရံကာနေအိမ်နှစ်လုံး၊ ပေ(၂၀× ၄၀)၊ သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံး၊ ပေ(၂၀×၂၀)သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံး၊ ပေ(၁၀×၁၀)သွပ်မိုး၊ ကျောက်ပြားကာ နေအိမ်တစ်လုံးနှင့် အတွင်းပစ္စည်းများ၊ CZI-125ဆိုင်ကယ်နှစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူအား ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝဲပုံ) မိုးသီး**

## ဘုန်းကြီးကျောင်းဆောင် မီးလောင်မှုဖြစ်ပွား

**မကွေး မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ လက်ဆည်ကန်ကျေးရွာ၌ မတ် ၉ ရက် နံနက် ၁၁ နာရီခွဲက ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ပေ(၉၀ × ၇၀)၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း နှစ်ထပ်ကျောင်းဆောင် အမိုးပေါ်တွင် တပ်ဆင်ထားသော ဆိုလာပြား အပူလွန်ကဲရာမှတစ်ဆင့် ဆိုလာနှင့် မျက်နှာကြက်ကြားတွင် သွယ်တန်းထားသော ဝိုင်ယာကြိုးများ မီးပွားထွက်၍ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မကွေးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၉၀ × ၇၀)၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်ကျောင်းဆောင် အဆောက်အအုံတစ်လုံး၊ ဆိုလာပြားငါးချပ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့်ကပ္ပိယဖြစ်သူ ဦးဆင့်အား မကွေးမြို့နယ်၊ ညောင်ကန်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ပင်လောင်း မတ် ၁၄**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၈ နာရီ ၂၅ မိနစ်မှ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ကလင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ ၂၅ မိနစ်မှ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လိုက်ကတူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၆ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၈ နာရီ မိနစ် ၅၀ မှ ညနေ ၄ နာရီ မိနစ် ၄၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်အားလည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် သက်သေများနှင့်အတူ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အောင်ဇော်မိုးနှင့် နိုင်လင်းဆိုသူတို့ထံမှ ဘိန်းစိမ်းအလေးချိန် ၁၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အားတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇော်မိုး(၃၂)နှစ်နှင့် နိုင်လင်း(၃၃)နှစ်ဆိုသူတို့အား စစ်ကိုင်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* – * – * – * – * – *






မြဝတီမြို့နယ် မဲထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၈၆ ဦး ဖမ်းဆီးရရှိမှုနေရာပြပုံ။





မြဝတီမြို့နယ် မဲထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသူနှင့် ဗီယက်နမ်နိုင်ငံသူများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၂၄ မှ

ထိုင်းနိုင်ငံသား အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၅ ဦးကိုလည်းကောင်း၊ မဲထော်သလေးကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၈၀၀ အကွာရှိ အဆောက်အအုံနှင့် နေအိမ်များအတွင်း၌ ပုန်းအောင်းနေသည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၇ ဦးကိုလည်းကောင်း၊ မဲထော်သလေးကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၇၀၀ အကွာရှိ အဆောက်အအုံနှင့် နေအိမ်များအတွင်း၌ ပုန်းအောင်းနေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၀ ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား အမျိုးသမီးတစ်ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီးတစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၄ ဦးကို လည်းကောင်း တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထိန်းသိမ်းထားရှိ

အဆိုပါ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၇၉ ဦးနှင့် အမျိုးသမီး တစ်ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား တစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား ၈၆ ဦးတို့အား မြဝတီမြို့၌ ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





မြဝတီမြို့နယ် မဲထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။





မြဝတီမြို့နယ် မဲထော်သလေးကျေးရွာဝန်းကျင်အနီး၌ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## မြန်မာ့ပြောင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရန် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် (Cashless Payment) တိုးမြှင့်သုံးပြုမည်



**မန္တလေး မတ် ၁၄**

မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း(MCIA)အနေဖြင့် မြန်မာ့ပြောင်းလုပ်ငန်းကဏ္ဍအတွင်းရှိ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု၊ ကုန်သွယ်ရေးနှင့် စက်မှုကဏ္ဍများ ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာများနှင့် ငွေသားမသုံးသော ငွေပေးချေမှုစနစ် (Cashless Payment System) ကို ပိုမိုတိုးမြှင့်အသုံးပြုသွားမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ငွေကြေးစီးဆင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ ခေတ်မီတိုးတက်လာစေရန် ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေပေးချေခြင်းသည် လုပ်ငန်းများ၏ ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးတက်စေသည့်အပြင် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်နိုင်ခြင်းကြောင့် ကုန်သွယ်ရေးဆိုင်ရာ အန္တရာယ်များကိုပါ လျှော့နည်းစေမည်ဖြစ်သည်။

ပြောင်းစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ရောင်းချသူကုန်သည်များနှင့် ပြောင်းအခြေပြု စက်မှုလုပ်ငန်းများအကြား ငွေပေးချေမှုများ ပိုမိုလျင်မြန်တိကျလာခြင်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းအနေဖြင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ပြောင်း၏ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်နိုင်ရေးအတွက် နည်းပညာအသစ်များနှင့် ခေတ်မီစီးပွားရေးလုပ်ငန်းစဉ်များကို ဆက်လက်အားပေး မြှင့်တင်သွားမည်ဖြစ်ကာ မြန်မာ့ပြောင်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းတည်ဆောက်သွားကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းအသင်းက ထုတ်ပြန်ချက်များတွင် ဖော်ပြထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

| | |
|---|---|
| **အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)အနိုင်၊ အရှုံး** | (NGB) |
| အင်တာမီလန် ၁ - ၁ အတ္တလန္တာ | |

| | |
|---|---|
| **အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀) အနိုင်၊ အရှုံး** | (NGB) |
| ဘန်လေ ၀ - ၀ ဘုန်းမောက် | |
| ဆန်းဒါးလန်း ၀ - ၁ ဘရိုက်တန် | |

## မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့ စတင်တည်ထောင်ပွဲ စည်း၊ အသင်းအဖွဲ့ စည်းမျဉ်းမူကြမ်းမျှဝေ

**မန္တလေး မတ် ၁၄**

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့ (Alumni of Mandalay University-AMU) စတင်တည်ထောင်ဖွဲ့စည်းခြင်း အခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ ၆၄လမ်းရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့ နာယကဆရာကြီး ဦးတင်မောင်၊ ဆရာကြီး ဦးအောင်သန်းမြင့်တို့က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်က အဖွဲ့ဝင်များကို ဖွဲ့စည်းပေးပြီး အသင်းအဖွဲ့ စည်းမျဉ်းမူကြမ်းကို မျှဝေသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနေဝင်း၊ ဦးခင်မောင်ချိုတို့က လိုအပ်သည်များကို အကြံပြုဆွေးနွေးပြီး အတွင်းရေးမှူး ဒေါ်စန်းစန်းဌေးက ရှေ့လုပ်ငန်းစဉ်များကို တင်ပြကာ ဘဏ္ဍာရေးမှူး ဦးအောင်ကျော်ဦးက ဘဏ္ဍာငွေလက်ကျန်ကို တင်ပြ၍ ဘဏ်စာရင်းအသစ်ဖွင့်လှစ်ခြင်းဆိုင်ရာကိစ္စများကို တင်ပြသည်။

ဆက်လက်၍ ဥပဒေအတိုင်ပင်ခံ ဦးညီညီချစ်က ဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြကာ ကော်မတီဝင်များက အထွေထွေဆွေးနွေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)




## ရီးစ်ဂျိမ်းစ် ချဲလ်ဆီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် မတ် ၁၄**

ချဲလ်ဆီးအသင်းသည် အသင်းနောက်ခံကစားသမား ရီးစ်ဂျိမ်းစ်ကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၂၂၅ပွဲ ကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ရီးစ်ဂျိမ်းစ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(NGB)**

## ဖေဖော်ဝါရီလအတွက် ပရီးမီးယားလိဂ် အကောင်းဆုံးနည်းပြဆုကို ဂွါဒီယိုလာ ဆွတ်ခူး



**လန်ဒန် မတ် ၁၄**

ပရီးမီးယားလိဂ်မှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မန်စီးတီးအသင်းအား ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲကိုင်တွယ်ပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂွါဒီယိုလာသည် တစ်လတာအကောင်းဆုံးနည်းပြဆုကို (၁၂)ကြိမ်ထိ ဆွတ်ခူးရရှိနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်မှ ပေးအပ်သည့် ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကိုမူ မန်စီးတီးအသင်း တောင်ပံကစားသမား ဆီမီညိုက ဆွတ်ခူးခဲ့သည်။ **(NGB)**

## အယ်လ်ဖွန်ဆိုဒေးဗီးစ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မြူးနစ် မတ် ၁၄**

ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက အတ္တလန္တာအသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာဘက်ပုံ)

နောက်ခံကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား အယ်လ်ဖွန် ဆိုဒေးဗီးစ်သည် ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၉ ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**



## လာမင်းကာမာရာကို ခေါ်ယူရန် နယူးကာဆယ်အသင်းစီစဉ်

**လန်ဒန် မတ် ၁၄**

နယူးကာဆယ်အသင်းသည် မိုနာကိုအသင်းကွင်းလယ်ကစားသမား လာမင်းကာမာရာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိုနာကိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၂ ပွဲ ကစားပြီးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မိုနာကိုအသင်းကလည်း လာမင်းကာမာရာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်းတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မိုနာကိုအသင်းထံမှ လာမင်းကာမာရာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## 2026 BNP Paribas Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

**မိုင်ယာမီ မတ် ၁၄**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်



အဆင့်တွင် ဂရိတ်ဗြိတိန် တင်းနစ်ကစားသမား Cameron Norrie ကို ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ရုရှားတင်းနစ်ကစားသမား Daniil Medvedev တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဓာတ်ပုံ) **(NGB)**

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၃-၂၀၂၆<br>ည ၈း၃၀နာရီ | (၈)စထရာဘော့စ် -<br>(W,D,W,D,W) | ပါရီ(၁၃)<br>(D,L,D,W,D) | |
| ၁၅-၃-၂၀၂၆<br>ည ၁၀း၄၅နာရီ | (၁၄)လီဟာဗာ -<br>(W,W,L,L,L) | လိုင်ယွန်(၄)<br>(L,L,L,D,D) | လီဟာဗာ ၀-၄ လိုင်ယွန်<br>လိုင်ယွန် ၄-၂ လီဟာဗာ |
| ။ | (၁၈)မက်ဇ် -<br>(D,L,L,L,L) | တူးလော့စ်(၁၂)<br>(L,D,L,W,L) | မက်ဇ် ၀-၁ တူးလော့စ်<br>တူးလော့စ် ၃-၀ မက်ဇ် |
| ၁၆-၃-၂၀၂၆<br>နံနက် ၀၂း၁၅နာရီ | (၅)ရင်းနက်စ် -<br>(L,W,W,W,W) | လိုင်လီ(၆)<br>(W,W,W,D,L) | ရင်းနက်စ် ၀-၂ လိုင်လီ<br>လိုင်လီ ၁-၀ ရင်းနက်စ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၃-၂၀၂၆<br>ည ၈း၃၀နာရီ | (၁၃)ပဲလေ့စ် -<br>(W,W,L,W,D) | လီဒ်စ်(၁၅)<br>(W,D,L,L,W) | ပဲလေ့စ် ၂-၁ လီဒ်စ်<br>လီဒ်စ် ၁-၅ ပဲလေ့စ် |
| ။ | (၃)မန်ယူ -<br>(W,D,W,W,L) | အက်စတွန်ဗီလာ(၄)<br>(L,D,L,L,W) | မန်ယူ ၂-၀ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၀-၀ မန်ယူ |
| ။ | (၁၇)နော့တင်ဟမ်း -<br>(L,L,L,D,L) | ဖူလ်ဟမ်(၁၀)<br>(W,W,W,L,L) | နော့တင်ဟမ် ၀-၁ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၂-၁ နော့တင်ဟမ် |
| ၁၅-၃-၂၀၂၆<br>ည ၁၁း၀၀နာရီ | (၆)လီဗာပူး -<br>(W,W,L,W,L) | စပါး(၁၆)<br>(L,L,L,L,L) | လီဗာပူး ၅-၁ စပါး<br>စပါး ၃-၆ လီဗာပူး |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၃-၂၀၂၆<br>ညနေ ၆း၀၀နာရီ | (၁၉)ဗီရိုနာ -<br>(D,L,L,L,W) | ဂျီနိုအာ(၁၃)<br>(L,D,W,L,W) | ဗီရိုနာ ၀-၀ ဂျီနိုအာ<br>ဂျီနိုအာ ၀-၂ ဗီရိုနာ |
| ၁၅-၃-၂၀၂၆<br>ည ၈း၃၀နာရီ | (၂၀)ပီဇာ -<br>(D,L,L,L,L) | ကက်ဂလီယာရီ(၁၄)<br>(L,L,D,D,L) | |
| ။ | (၉)ဆက်ဆူအိုလို -<br>(L,W,W,W,L) | ဘိုလော့ဂ်နာ(၈)<br>(W,W,W,L,D) | ဆက်ဆူအိုလို ၁-၁ ဘိုလော့ဂ်နာ<br>ဘိုလော့ဂ်နာ ၄-၂ ဆက်ဆူအိုလို |
| ၁၅-၃-၂၀၂၆<br>ည ၁၁း၃၀နာရီ | (၄)ကိုမို -<br>(D,W,W,D,W) | ရိုးမား(၅)<br>(D,W,D,L,D) | ကိုမို ၂-၀ ရိုးမား<br>ရိုးမား ၂-၁ ကိုမို |
| ၁၆-၃-၂၀၂၆<br>နံနက် ၀၂း၁၅နာရီ | (၁၀)လာဇီယို -<br>(L,D,L,D,W) | အေစီမီလန်(၂)<br>(W,D,L,W,W) | လာဇီယို ၂-၂ အေစီမီလန်<br>အေစီမီလန် ၁-၂ လာဇီယို |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၃-၂၀၂၆<br>ည ၇း၃၀နာရီ | (၁၈)မာယော့ကာ -<br>(L,L,L,L,D) | အက်စ်ပန်ညို(၇)<br>(L,D,L,D,D) | မာယော့ကာ ၂-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၂-၁ မာယော့ကာ |
| ၁၅-၃-၂၀၂၆<br>ည ၉း၄၅နာရီ | (၁)ဘာစီလိုနာ -<br>(W,W,W,W,D) | ဆီဗီလာ(၁၄)<br>(D,D,W,D,D) | ဘာစီလိုနာ ၅-၁ ဆီဗီလာ<br>ဆီဗီလာ ၁-၄ ဘာစီလိုနာ |
| ၁၆-၃-၂၀၂၆<br>နံနက် ၀၀း၀၀နာရီ | (၅)ဘက်တစ် -<br>(W,D,D,L,L) | ဆဲလ်တာဗီဂို(၆)<br>(W,W,W,L,D) | ဘက်တစ် ၂-၂ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၃-၂ ဘက်တစ် |
| ၁၆-၃-၂၀၂၆<br>နံနက် ၀၂း၃၀နာရီ | (၈)ဆိုစီဒက် -<br>(L,D,W,W,L) | အိုဆာဆူနာ(၁၁)<br>(W,D,W,L,D) | ဆိုစီဒက် ၀-၂ အိုဆာဆူနာ<br>အိုဆာဆူနာ ၂-၁ ဆိုစီဒက် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၃-၂၀၂၆<br>ည ၉း၀၀နာရီ | (၁၃)ဝါဒါဘရီမင် -<br>(L,L,L,W,W) | မိန့်ဇ်(၁၅)<br>(L,D,D,D,D) | ဝါဒါဘရီမင် ၁-၀ မိန့်ဇ်<br>မိန့်ဇ် ၁-၂ ဝါဒါဘရီမင် |
| ၁၅-၃-၂၀၂၆<br>ည ၁၁း၀၀နာရီ | (၈)ဖရိုင်းဘတ် -<br>(L,W,L,D,L) | ယူနီယံဘာလင်(၁၁)<br>(D,L,W,L,L) | ဖရိုင်းဘတ် ၁-၂ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၀-၀ ဖရိုင်းဘတ် |
| ၁၆-၃-၂၀၂၆<br>နံနက် ၀၁း၀၀နာရီ | (၄)စတုဂတ် -<br>(D,L,W,D,L) | လိုက်ပဇစ်(၅)<br>(L,D,D,W,W) | စတုဂတ် ၂-၁ လိုက်ပဇစ်<br>လိုက်ပဇစ် ၂-၃ စတုဂတ် |

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွင်းရှိ ဧည့်ရိပ်သာဆောင် ဖွင့်ပွဲအခမ်းအနားနှင့် အဆောက်အအုံသစ် လွှဲပြောင်းအပ်နှံခြင်း အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၄**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးကန်တော်ကြီးပတ်လမ်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွင်းရှိ ဧည့်ရိပ်သာဆောင်အား မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ South-East Asia Curde Oil Pipeline Co.,Ltd.၊ South-East Asia Gas Pipeline Co.,Ltd. နှင့် Myanmar Conch Cement Co.,Ltd. တို့၏ လှူဒါန်းမှုဖြင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းက တာဝန်ယူဆောင်ရွက်ခဲ့သော ဧည့်ရိပ်သာဆောင် ဖွင့်ပွဲအခမ်းအနားနှင့် အဆောက်အအုံသစ် လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms.Gao Ping၊ Myanmar-China Oil&Gas Pipeline Co.,Ltd. ဒုတိယဥက္ကဋ္ဌ Ms.Jin Xin Riu ၊ Myanmar Conch Cement Co.,Ltd. မန်နေဂျင်းဒါရိုက်တာ မစ္စတာရင်းရှောင်မင်း၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းဥက္ကဋ္ဌ ဦးသစ္စာ(ခ) မစ္စတာလီဘိုဘို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးစီမံခန့်ခွဲရေးကော်မတီနာယကကြီးများ၊ ဥက္ကဋ္ဌဦးစိုးလင်းနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဧည့်ရိပ်သာဆောင်အား တိုင်းဒေသကြီးဝန်ကြီးများနှင့် ကောင်စစ်ဝန်ချုပ်၊ အလှူရှင်ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများ၊ ဆေးရုံကြီး၏ နာယကများနှင့် ဥက္ကဋ္ဌတို့က မင်္ဂလာအချိန်နံနက် ၉ နာရီတွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီးနောက် အထိမ်းအမှတ်ကမ္ပည်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ



အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အဖြစ် ဧည့်ရိပ်သာဆောင် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအဆောင်အမှတ်(၁)အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မန္တလေးမြို့တော်ဝန်က ဂုဏ်ပြုအမှာစကားနှင့် ကျေးဇူးတင်စကားကိုလည်းကောင်း၊ ကောင်စစ်ဝန်ချုပ်က လှူဒါန်းရခြင်း အကြောင်းကိုလည်းကောင်း အသီးသီးပြောကြားခဲ့ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ်က ဧည့်ရိပ်သာဆောင် အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး နာယကကြီး ဦးမောင်ကိုက အလှူရှင် ကောင်စစ်ဝန်ချုပ်နှင့် ကုမ္ပဏီအသီးသီးတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် ဆေးရုံစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများသည် အမှတ်တရစုစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်များ ဆက်လက်ဖြေဆို

**မန္တလေး မတ် ၁၄**

၂၀၂၅- ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ မတ် ၁၁ ရက်နေ့မှ စတင်ကျင်းပလျက်ရှိရာ ယနေ့တွင်လည်း မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်များအား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့်အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၃၈)**





## တောင်ပြင်(၂)မူလတန်းကြိုကျောင်း၌ ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်းနှင့် ပဒေသာကပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ တောင်ပြင်(၂) မူလတန်းကြိုကျောင်း၏ ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်းနှင့် ပဒေသာကပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မူကြိုရင်သွေးငယ်လေးများက ဒို့ကျောင်းတော်၊ ခင်ခင်ထား၊ ToBajaba English Action Song၊ စကားဝါမြေ၊ နောင်အင်းလေး၊ ၁၆ နှစ်မ၊ လက်ပံပွင့်ကောက်၊ ပြုံးပြုံးလေး၊ အချစ်သတိပြု၊ တစ်လိမ်နှစ်လိမ်၊ ဂျိမ်းဖော၊ ပူတူးတူးလေး၊ နွေဦးကဗျာ၊ ဖြည်းဖြည်းပက်၊ ဂျင်းဘောင်းဘီ၊ တစ်နှစ်နှမ်း တစ်နှစ်ဆန်း၊ ဘရဏီစသည့် တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ တောင်ပြင်(၂) မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ပြင်(၂)မူလတန်းကြိုကျောင်း ကြီးကြပ်မှုကော်မတီ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဓမ္မာစရိယ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် စုဋ္ဌဘွဲ့နှင်းသဘင် ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆု ဆက်ကပ်သည့် စုဋ္ဌဘွဲ့နှင်းသဘင်ကို မတ် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အောင်တော်မူစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဣန္ဒကထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး စာအောင်သံဃာများ ဆုဆက်ကပ်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည့် ပုပ္ပားတောင်ကလပ် ဘဏ္ဍာထိန်းဂေါပကအဖွဲ့အား ဂုဏ်ပြုလက်မှတ်ပေးအပ်ရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ရွှေက လက်ခံရယူသည်။ ဆက်လက်၍ နှစ်စဉ်ဆွမ်းဆက်ကပ်လှူဒါန်းသည့် အောင်ဇမ္ဗူ ဆွမ်းကုသိုလ်ရှင်အဖွဲ့အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေဝင်းက ဂုဏ်ပြု လက်မှတ်ပေးအပ်ရာ အဖွဲ့တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမနဓဇထံမှ ဩဝါဒကထာ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ ထို့နောက် ၂၀၂၅ ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ ကျောက်ပန်းတောင်း စာဖြေဌာနမှ အောင်မြင်တော်မူကြသည့် စာအောင်သံဃာနှင့် သီလရှင်ဆရာလေးများကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက စာအောင်ဆုနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ သုံးကျမ်းပြီး ငါးပါး၊ နှစ်ကျမ်းပြီး နှစ်ပါး၊ ပထမကြီးတန်းအောင် ၁၂ ပါး၊ ပထမလတ်တန်းအောင် ၂၃ ပါး၊ ပထမငယ်တန်းအောင် ၇၁ ပါးနှင့် အခြေပြုမူလတန်းအောင် ၉၂ ပါးတို့က လက်ခံရယူကြသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ကြီးကြပ်သူဆရာတော်များ၊ စာအောင်သံဃာနှင့် သီလရှင် ၂၀၅ ပါး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ စုစုပေါင်း ၃၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၅၆)**



# ရွှေဘုန်းတော်တိုးစေတီတော် ထီးတော်တင်နှင့် ဌာပနာထည့်သွင်းခြင်းမင်္ဂလာ ကျင်းပမည်

**မန္တလေး မတ် ၁၄**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ် တောင်ပြင်ငါးစို့တိုက် ရွှေမန်းကျောင်းအတွင်းရှိ ရွှေဘုန်းတော်တိုး စေတီတော်ကြီးသည် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရသည်။

အဆိုပါ စေတီတော်ကြီးကို မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗိုလ်မောင်မြင့်နှင့် မိသားစုက ၂၀၂၁ ခုနှစ်၊ မေ ၂၅ ရက်က ဦးဆောင်၍ အများပြည်သူ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် ပြုပြင် မွမ်းမံခဲ့ပြီး အလုံးစုံ ပြီးစီးအောင်မြင်ပြီဖြစ်သဖြင့် ထီးတော်တင်နှင့် ဌာပနာထည့်သွင်းခြင်း မင်္ဂလာတို့ကို မကြာမီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၁)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သဘာဝဘေးသင့် အိမ်ထောင်စုများအား အိမ်မိုးသွပ်ပြားနှင့် ပစ္စည်းများထောက်ပံ့

**မန္တလေး မတ် ၁၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သဘာဝဘေးသင့်သော မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်ရှိ အကူအညီလိုအပ်သူများအတွက် ငွေသားထောက်ပံ့ခြင်းနှင့် အိမ်မိုးသွပ်ပြားများ ထောက်ပံ့ခြင်းကို မတ် ၁၂ ရက်က အမရပူရမြို့နယ်ဓမ္မာရုံတွင် ဆောင်ရွက်ပေးရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အမရပူရခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူးတို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ နံ့သာရပ်ဈေးတန်းတွင် မတ် ၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေငါးလုံး၊ အိမ်ထောင်စုငါးစု မီးဘေးသင့်ခဲ့သည်။

အဆိုပါမီးဘေးသင့် အိမ်ထောင်စုဝင်များသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့သော ကယ်ဆယ်ရေးပစ္စည်းများကို မတ် ၁၂ ရက်က ပြည်ကြီးတံခွန်မြို့နယ် ကြက်ခြေနီစေတနာ့လုပ်အားရှင်များက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**



# ပြည်သူများသို့ သောက်သုံးရေ ဂါလန် ၁၈၀၀ လှူဒါန်း

**လားရှိုး မတ် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လားရှိုးခရိုင် ဦးစီးမှူးရုံးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသည့် ပြည်သူများသို့ သောက်သုံးရေ ဂါလန် ၁၈၀၀ လှူဒါန်းခြင်းကို မတ် ၁၁ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ လှူဒါန်းရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသီရိသွယ်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ရပ်ကွက်(၄) နယ်မြေ(၁၅၊ ၁၆)တို့ရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသည့် လူဦးရေ ၂၆၀ ဦးတို့အတွက် သောက်သုံးရေဂါလန် ၁၈၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**လှမော်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်အတွင်း နွေသီးနှံစိုက်ပျိုးရေပေးဝေနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေသီးနှံ စိုက်ပျိုးတောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်ရေမှ စိုက်ပျိုးရေ ဖြန့်ဝေပေးမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မတ် ၁၃ ရက် နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသခံတောင်သူများ သီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရန် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေ ဖြန့်ဝေပေးနေမှုများ၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် ကျွဲတိကျေးရွာ မြေသားလမ်း၊ ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု၊ ကုန်းဇောင်းကျေးရွာ နယ်မြေ မီးသတ်စခန်းတွင် ပြည်သူများ ပွင့်လင်းရာသီကာလ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အနေအထား ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများနှင့် မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ရောင်းချရာ၌ သတ်မှတ်စည်းကမ်းချက်များအတိုင်း ရောင်းချပေးမှု ရှိ ၊ မရှိနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၅)**



# ကျွန်တော်နှင့် . . . စက်သုံးဆီများဝယ်ယူခြင်းအပိုင်း(၂)

DE ဦးသန်းမြင့်ရေ …

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးထဲမှာရှိတဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာနမှာ Register သွင်းထားတဲ့ယာဉ်တွေကို အုပ်စု ၁၀ ခုခန့် ခွဲပါမယ်ခင်ဗျာ။ လူစီးယာဉ်တွေမှာဆိုရင် ၁၅၃၀၈၅ စီး ရှိပါတယ်။ ခရီးသည်တင်ယာဉ်ကတော့ ၃၃၅၈ စီး ရှိပါတယ်။ ကုန်တင်(ဝန်ပေါ့)ယာဉ်တွေကတော့ ၁၃၃၃၅၈ စီး ရှိပါတယ်။ ကုန်တင်(ဝန်လေး)ယာဉ်တွေကတော့ ၁၇၁၆၁ စီး ရှိပါတယ်။ အခြားယာဉ်တွေကတော့ ၃၂၂၃၆ စီး ရှိပါတယ်။ နှစ်ဘီးတပ်ယာဉ်တွေကတော့ ၁၄၄၂၉၃၃ စီး ရှိပါတယ်။ သုံးဘီးယာဉ်က ၄၀၇၆၇ စီး ရှိပါတယ်။ ထော်လာဂျီယာဉ်က ၈၉၈၈ စီးရှိပြီး စက်ယန္တရားက ၄၁၄ စီး ရှိပါတယ်။ နောက်တွဲယာဉ်က ၁၂၈၁၀ စီး ရှိပါတယ်။ စုစုပေါင်း ၁၈၄၅၁၁၀ စီးရှိပါတယ်ခင်ဗျာ။ ဒီစက်တွေကတော့ လိုင်စင်တွေ ရှိပါတယ်။ ဒီလို Register လုပ်မထားတဲ့ Without တွေလည်း ရှိနိုင်ပါတယ်။ ဒါ့အပြင် တခြားတိုင်းနဲ့ဒေသတွေက လိုင်စင်နဲ့ စက်၊ ယာဉ်၊ ယန္တရားတွေလည်း ရှိနိုင်ပါတယ်။ ဒီထဲမှာ ဓာတ်ဆီသုံးတဲ့ယာဉ်တွေက ၁၆၄၄၅၃၅ စီး ရှိပါတယ်။ ဒီဇယ်ဆီကို အသုံးပြုတဲ့ ယာဉ်တွေကတော့ ၁၆၆၈၀၈ စီး ရှိပါတယ်။ CNG သုံးတာက ၅၂၀ စီး ရှိပါတယ်။ EV ကားတွေက ၁၈၄၆၇ စီး ရှိပါတယ်။ ဒါကတော့ မန္တလေးတိုင်းဒေသကြီး၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှာ Register လုပ်ထားတဲ့ ယာဉ်အစီးရေနဲ့ သုံးတဲ့ဆီတွေအကြောင်းကို တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ပထမဆောင်းပါးတွေမှာ တင်ပြခဲ့သလိုပဲ တိုင်းဒေသကြီးအတွင်း ယာဉ်တွေအတွက် ဆီတွေကို အချိန်မီ ပေးဆောင်နိုင်ဖို့၊ အချိန်မီ ထုတ်ပေးဖို့၊ စက်သုံးဆီ ကားတွေ၊ ယာဉ်တွေကို အချိန်မီနဲ့ အချိန်ကြာကြာရောင်းပေးနိုင်ဖို့၊ တိုင်းဒေသကြီးအတွက် ရရှိတဲ့ ခွဲတမ်းကို တိုင်းဒေသကြီးအတွင်း ပုံမှန်ရောက်ရှိနိုင်ဖို့ အမြဲမပြတ် ရောက်ရှိနိုင်ဖို့အတွက် တိုင်းဒေသကြီးအဖွဲ့က ကြိုးစားလျက်ရှိပါတယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ ကျွန်တော်တို့က ပုံမှန်ဆိုင်ကယ်တွေကို တစ်ခါထုတ်ရင် နှစ်လီတာ၊ သုံးဘီး၊ အိုးဝေတွေကို တစ်ခါထုတ်ရင် လေးလီတာ၊ အိမ်စီး ကားတွေကို တစ်ခါထုတ်ရင် ၁၂ လီတာနဲ့ ဒီဇယ် အိမ်စီးကားတွေကို ၂၀ လီတာ၊ ခရီးသည်တင်ယာဉ်နဲ့ ကုန်ကားတွေကိုတော့ ၅၀ လီတာဆိုပြီး ရောင်းချပေးစေခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စက်သုံးဆီအရောင်းဆိုင် ၇၀၀ ကျော် ရှိပါတယ်။ အခုအချိန်မှာတော့ မန္တလေး ခုနစ်မြို့နယ်မှာရှိတဲ့ ဆိုင်ကြီး ၁၇၉ ဆိုင်ကို ကျွန်တော်တို့တစ်တွေက Wheel Tax(Disc Wheel) တွေမှာပါတဲ့ Bar Code လေးကိုဖတ်ပြီး ဒီဆိုင်တွေကို ကားတွေကို စုံ၊ မ ခွဲပြီး တစ်ကြိမ်ပဲထုတ်ဖို့၊ နောက်တစ်ကြိမ် ထပ်မံမထုတ်ဖို့၊ စမ်းသပ်ရောင်းနေပါပြီ။ ၁၂-၃-၂၀၂၆ ရက်ကနေစပြီး ရောင်းနေတာဖြစ်ပါတယ်။ အဲ့ဒီလိုပဲ ဆိုင်ကယ်တွေကိုလည်း စုံ၊ မ ခွဲပါတယ်။ သူတို့ရဲ့ Wheel Tax တွေကို ကြည့်ပြီး QR Code လေးတွေ ပြုလုပ်ပေးပါတယ်။ အဲ့ဒီထဲမှာ သက်တမ်းကုန်ဆုံးမယ့် ယာဉ်နံပါတ်နဲ့ သက်တမ်းကုန်ဆုံးမယ့်ရက်တွေကို ရိုက်ထည့်ပြီး QR Code လေးတွေကို ဖုန်းထဲမှာ Save လုပ်ထားပြီး မိမိတို့ စုံဂဏန်း၊ မဂဏန်း ကျရာရက်တွေမှာ လွယ် ကူစွာ ထုတ်ယူနိုင်အောင် စီစဉ်ပေးပါတယ်။ ဒီလို ပြည်သူတွေ လွယ်ကူစွာ ထုတ်ယူနိုင်ဖို့အတွက် ကျွန်တော်တို့တစ်တွေက ဆီဆိုင်တွေကို နံနက်ခင်း ခြောက်နာရီကနေ ညနေ ၆နာရီအတွင်းမှာ ဖွင့်စေ၊ ပိတ်စေ ရပါတယ်။ အဲ့ဒီအချိန်မှာ ဓာတ်ဆီပန့်တိုင် (Dispenser) မှာ ပန့်ကိုင်လုပ်သား တစ်ဖက်ကို တစ်ဦးစီနဲ့ တစ်တိုင်မှာ နှစ်ဦးစီ ရောင်းချပေးရပါမယ်။ Dispenser တိုင်တွေ အားလုံးကို တစ်ပြိုင်နက်တည်း အသုံးပြုပြီး ရောင်းချစေတယ်ပေါ့ခင်ဗျာ။ အဲ့ဒီအချိန်မှာ ကားနဲ့ဆိုင်ကယ်နဲ့ကို ခွဲပြီး မန်နေဂျာက လိုအပ်သလို ဆိုင်ကယ်အရေ အတွက်များရင် ပန့်တိုင်ကို ဆိုင်ကယ်အတွက် များများသုံး၊ ကားအရေအတွက်များရင် ကားအတွက် များများသုံးစေပါတယ်။ အဲ့ဒီလိုပဲ ကျွန်တော်တို့တစ်တွေက ရှေ့မှာ ကားတွေ ဆိုင်ကယ်တွေရဲ့ Wheel Tax တွေကို စစ်ဆေးတဲ့ ဝန်ထမ်းအဖွဲ့ကိုလည်း အင်အားတိုးစေပါတယ်။ Bar Code ဖတ်တဲ့ ဝန်ထမ်းတွေ များများရှိမှ Dispenser ဆီ အမြန်ဆုံးရောက်ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါတွေကို အမြန်ဆုံး ဆောင်ရွက်နိုင်စေဖို့ ဝန်ထမ်းတွေကို တိုးချဲ့ခန့်ထားစေပါတယ်။ ဒါ့အပြင် မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ၁၂ နာရီ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့် ထမင်းစားချိန်တွေမှာလည်း ဆိုင်တွေကို မပိတ်စေပါဘူးခင်ဗျာ။ ထမင်းစားချိန်တွေမှာလည်း ပြည်သူကို အလေးထားဖို့၊ လူလဲနဲ့ ရောင်းချပေးဖို့ ဒါတွေကိုလည်း ကျွန်တော်တို့ဘက်ကနေ ဆိုင်တွေကို ညွှန်ကြားထားပါတယ်။ ရှေ့ဆောင်းပါးတွေမှာ တင်ပြထားသလိုပဲ ATG လို့ ခေါ်တဲ့ Auto Tank Gauge လို့ ခေါ်တဲ့ ဆီ Balance တွေ ကုန်အောင် ရောင်းချပေးဖို့၊ မပြတ်လပ်အောင် PO ဆက်လက်မှာပေးဖို့၊ မန္တလေးတိုင်းဒေသကြီးအတွက် ရရှိထားတဲ့ ခွဲတမ်းကို သယ်ဆောင်တဲ့ ဆီဘောက်ဆာတွေမှာ GPS စနစ်တွေတပ်ပြီး ဘယ်ကို ရောက်ရှိနေတယ်။ ဘယ်ကိုရောက်နေပြီ၊ ဘယ်တော့ရောက်မယ်၊ ဘယ်မှာချမယ် စသည်ဖြင့် အဲ့ဒါတွေကိုလည်း ကျွန်တော်တို့က Online နည်းတွေနဲ့ ထိန်းချုပ်ပေးပါတယ်ခင်ဗျာ။ ကျွန်တော်တို့တစ်တွေက ပြည်သူတွေကို အလေးထားပြီး ဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေဘက်ကလည်း ကျွန်တော် တို့ရဲ့ ဆီဆိုင်တွေမှာ Panic Buying တွေ မဖြစ်စေဖို့အတွက် ကျွန်တော်တို့နဲ့ ပူးပေါင်းကြဖို့ လိုပါတယ်။ ဒီလို ပူးပေါင်းတဲ့နေရာမှာ Wheel Tax(Disc Wheel) တွေ ယူလာဖို့ လိုပါတယ်။ Wheel Tax(Disc Wheel)ကို ရှေ့မှာရှိတဲ့ QR Code ဖတ်တဲ့ ဝန်ထမ်းကလေးတွေကို ပြသပြီးတော့ QR Code မှာပါတဲ့အတိုင်း ဆက်လက်ဆောင်ရွက်စေမှာပါ။ QR Code ကို Save လုပ်ဖို့ တယ်လီဖုန်းတစ်ခုလည်း ယူဆောင်လာခဲ့ရမှာပါ။ ဆိုလိုတာကတော့ Without ကားတွေ၊ ဆိုင်ကယ်တွေကို ရောင်းမပေးဘူး။ ဒီနေ့ ထုတ်ပြီးရင် ဒုတိယအကြိမ် ထပ်မံထုတ်လို့ မရဘူး။ ဒုတိယအကြိမ် ထပ်မံထုတ်ရင် နောက်ပိုင်းဆိုရင် သူတို့ကို Action တွေ ယူလာတော့မှာ ဖြစ်ပါတယ်။ Without ဆိုင်ကယ်တွေအတွက် Wheel Tax တွေ မရှိဘူး။ Wheel Tax အတုတွေနဲ့ မလာခဲ့ပါနဲ့။ ဒါဆိုရင် ဖတ်လို့မရရင် ပထမတစ်ကြိမ်မှာ က.ည.န ကို ပြန်လည်စစ်ဆေးစေမှာ ဖြစ်ပါတယ်။ ကြိမ်ဖန်များစွာ ထပ်ပြီး Wheel Tax အတုတွေနဲ့ လာမယ်ဆိုရင်တော့ အရေးယူမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မော်တော်ယာဉ်စီးတဲ့ပြည်သူတွေက Wheel Tax တွေကို သေချာဆောင်ထားဖို့၊ ဆိုင်ရောက်မှ Wheel Tax ပျောက်တာတို့၊ မပါလာတာတို့ မဖြစ်စေဖို့၊ Wheel Tax အတုတွေနဲ့ မလာစေဖို့၊ ဆိုင်ကယ်တွေမှာတော့ Wheel Tax ပြပြီးရင် စက်သုံးဆီဆိုင်တွေက ပြုလုပ်ပေးတဲ့ QR Code တွေကို ကြည်လင်ပြတ်သားပြီး အရောင်မပြန်တဲ့ ကင်မရာနဲ့ ရိုက်ဖို့ ဒါတွေကိုလည်း ကျွန်တော်တို့ဘက်ကနေ ဆောင်ရွက်ပေးထားပါတယ်။ ရှေ့မှာ QR Code စကန်ဖတ်တဲ့ ဝန်ထမ်းတွေအတွက် လိုအပ်တဲ့ ကင်မရာ၊ တယ်လီဖုန်း (Samsaung,Oppo, Redmi ဖုန်း) တွေဒါတွေကို ဝန်ထမ်းတွေကို ဖြည့်ဆည်းပေးဖို့ မှာကြားထားပါတယ်။ ဒါကြောင့်မို့ Panic Buying မဖြစ်စေဖို့အတွက် ဆီဆိုင်ပိုင်ရှင်၊ ဆီရောင်းသူတွေ ဆီဆိုင်ဝန်ထမ်းတွေ အားလုံးရော ပြည်သူတွေရော အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရင် Panic Buying ဖြစ်ပွားမှုကနေ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွက် ရရှိသင့်တဲ့ ခွဲတမ်းကို မှန်မှန်ရဖို့၊ PO တွေရဖို့၊ မှန်မှန်ကန်ကန်ရောင်းချဖို့၊ မသမာနည်းဖြင့် ရောင်းချခြင်းမရှိဖို့ ကျွန်တော်တို့က ကွပ်ကဲမှာဖြစ်သလို ပြည်သူတွေကလည်း ဒီစနစ်ကြီးအောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ် ခင်ဗျာ။

**ရွှေဇင်**

## ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် “ကတိစကားလေးတစ်ခွန်း” စာအုပ်စာဖတ်ဝိုင်း ကျင်းပ



**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းတို့ပူးပေါင်းပြီး ယမန်နေ့မွန်းလွဲ ၂ နာရီက လူထုအခြေပြု ဗဟိုဌာနတွင် အောင်ကိုဦး(UMK) ရေးသားသည့် “ကတိစကားလေးတစ်ခွန်း” စာအုပ်စာဖတ်ဝိုင်း ကျင်းပခဲ့သည်။ **(ဓါတ်ပုံ)**

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသားကျောင်းသူများအတွက် စာပေဖတ်ရှုလေ့လာရာတွင် ရရှိမည့် အကျိုးကျေးဇူးများ၊ ဗလငါးတန်နှင့် ပြည့်စုံရေး သုတ၊ ရသစာအုပ်စာစောင်များကို ဖတ်ရှုစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အတွင်းရေးမှူး ဒေါ်ခင်ချို (သီတဂူ-ကျောက်ဆည်)က အောင်ကိုဦး(UMK)ရေးသားသည့် “ကတိစကားလေးတစ်ခွန်း” စာအုပ်မှ အသိအမှတ်လေးတော့ပြုပေးပါ၊ ပျော်ရွှင်ခြင်းရဲ့လျှို့ဝှက်ချက်၊ ကတိစကားလေးတစ်ခွန်း၊ ယုံကြည်လိုက်ပါ၊ အလေ့အကျင့်ကောင်းပျိုးထောင်ပါ စသည့် အကြောင်းအရာများဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**မြို့သစ် မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကို မတ် ၁၁ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။**(အောက်ဓါတ်ပုံ)**



အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများ ဟောပြောပြီး ကလေးအလုပ်သမားအသိပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများအား ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ဝင်းအိစွန်(ပြန်/ဆက်)**

# အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ ကျင်းပ

**ကန့်ဘလူ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် နွေရာသီကျောင်းပိတ်ရက် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ငယ်စဉ်ကပင် စာကြည့်တိုက်နှင့်ရင်းနှီးပြီး အသိပညာဗဟုသုတများ တိုးပွားရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကန့်ဘလူခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းကို မတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇင်မင်းထွန်းက သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ဦးစိုးမြင့်ဝေ(ပန်းချီစိုးမြင့်ဝေ)နှင့် အင်္ဂလိပ်စာဆရာ အ·ထ·က(၁) ကန့်ဘလူမှ အထက်တန်းပြ ဦးအေးကိုကိုတို့က သင်ကြားပေးမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းကို မတ် ၁၂ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ နံနက် ၁၀ နာရီအထိ အခြေခံပန်းချီသင်တန်းနှင့် နံနက် ၁၀ နာရီခွဲမှ ၁၁ နာရီခွဲအထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀ ဦးတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀




# စားသုံးသူရေးရာအသိပညာပေး Talk Show ကျင်းပ

**သရက် မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ Talk Show ကျင်းပရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့ယဉ်ဝင်းတို့က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ရောက်တဲ့အခါတိုင်း နှစ်စဉ်မည်သို့ ကျင်းပဆောင်ရွက်ခဲ့ပုံများနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မည်သည့်ဥပဒေမျိုးတွေနဲ့ လုပ်ငန်းတွေကို လိုက်နာဆောင်ရွက်နေပါသလဲတို့အကြောင်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




# ဆံထိုးပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ဆံထိုးပြုလုပ်နည်းသင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းကို အိမ်တွင်းမှုလုပ်ငန်းများ တတ်မြောက်စေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဆံထိုးဖြင့် ပန်းပုံပြုလုပ်နည်းအမျိုးမျိုးကို ပြုလုပ်ခဲ့ရာ ယင်းသင်တန်းကို သင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် မတ် ၁၄**

ပြည်သူများ လမ်းအသုံးပြုရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ ကျဆင်းစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ပြင်ဦးလွင်မြို့၊ ဇီးပင်ကြီး ဗဟိုမီးသတ်သင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရဲတပ်ကြပ်ကြီးအေးစိုး(ဇင်ယော်)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ "လမ်းမများပေါ်မှ အသံထွက်လူသတ်သမားများ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ယာဉ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ပြင်ဦးလွင်၊ ဇီးပင်ကြီးဗဟိုမီးသတ်သင်တန်းကျောင်းတွင် ယာဉ်မောင်းသင်တန်း တက်ရောက်နေသော သင်တန်းအမှတ်စဉ်(၄၁)မှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သွေးသွေး(ခရိုင် ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုန်ကလေး

# နွေအလှပုံရိပ်များ

* ရွှေရောင်ရွက်လှော
ဝဲပျံကာကျ
မြေသို့ခသည်။
နွေအလှရာသီ
ပီပြင်နေတော့သည်။

* ရွာ၏ရှေ့ထိပ်
လက်ပံရိပ်မှာ
နီစွာရဲရဲ
ပွင့်များကြဲရာ
ဝိုင်းကာ ကောက်ယူ
တောသူမေပျို
တေးဆိုတာလည်း
နွေရဲ့အလှပါပဲ။

* ပင်ယံထက်ဆီ
ဖူးတံသီလျက်
သစ်ရွက်နုပုံ
ပုရစ်စုံထွက်သည်
ရာသီငြိမ့်ညောင်း
နွေတပေါင်းရဲ့
အလှပါလား။

* ကြင်ဖော်ထားလျက်
ဥသြငှက်လည်း
မျှော်လျက်စိတ်ထဲ
ဘယ်ဆီလဲဟု
ဖော်လည်းဖွေရှာ
တစာစာနဲ့
ကူကာကူကာ
ခေါ်နေရှာသည်
ရာသီနွေအလှ
ပီပြင်ရပြန်သည်။

* ရှစ်ခွင်ရပ်တိုင်း
အုံ့မှိုင်းရီဝေ
မြူငွေ့တွေသည်
ဘယ်ဆီဘယ်ကို
လွမ်းသလိုလို
တွေးစိတ်ပိုလည်း
နွေအလှပဲလေ။

* ရာသီဆိုချေ
သဲပုံစေတီ
တည်သည့်ကာလ
ဖူးကြဆုတောင်း
နွေအလှကြောင်းကို
ပြောနေတာပဲလေ။

* အို···နွေရယ်
နွေရဲ့အလှ
ပုံရိပ်ကများ
တကယ်ပဲ
လှနိုင်လွန်းလှတယ်။ ။

ခင်မောင်(ငါန်းဇွန်)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဖုန်းဖြင့် တိုက်တွန်းပြောကြား



**ပေကျင်း မတ် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ပဋိပက္ခများကို အင်အားသုံးဖြေရှင်းခြင်းထက် ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဖြေရှင်းသင့်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အာဖဂန်နိုင်ငံခြားရေးဝန်ကြီး အမီယာခန်းမွတ္တာကီကို ဖုန်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၁၃ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ နှစ်ဖက်စလုံးအနေဖြင့် တည်ငြိမ်အေးချမ်းစွာ ထိန်းသိမ်းဆောင်ရွက်ရန်၊ အမြန်ဆုံး မျက်နှာစုံညီတွေ့ဆုံဆွေးနွေးရန်၊ အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းဆောင်ရွက်ရန်နှင့် သဘောထားကွဲလွဲမှုများကို ဆွေးနွေးမှုများဖြင့် ဖြေရှင်းရန် ဝမ်ယိက တိုက်တွန်းခဲ့သည်။

အင်အားသုံးဖြေရှင်းမှုများ ထပ်မံပြုလုပ်ခြင်းသည် အခြေအနေများကို ပိုမိုရှုပ်ထွေးစေပြီး တင်းမာမှုများကိုသာ တိုးမြင့်စေလိမ့်မည်ဖြစ်ကြောင်း ဝမ်ယိက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးရန် ကြိုးပမ်းနေသော်လည်း ပါကစ္စတန်က အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာလေဆိပ်အနီးရှိ ကမ်လေကြောင်းလိုင်းပိုင် စက်သုံးဆီသိုလှောင်ရုံကို သောကြာနေ့တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်နေစဉ် တိုက်ချင်းပစ်ဒုံးလက်နက် ၁၀ စင်းကျော် မြောက်ကိုရီးယားပစ်ခတ်

**ပြုံယမ်း မတ် ၁၄**

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၁၄ ရက်တွင် ဂျပန်ပင်လယ်ပြင်အတွင်းသို့ တိုက်ချင်းပစ်ဒုံးလက်နက် ၁၀ စင်းကျော် ပစ်ခတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြုံယမ်းအစိုးရနှင့် ဆွေးနွေးမှုများပြုလုပ်ရန် ကမ်းလှမ်းမှုများကို တစ်ကျော့ပြန်ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ ဒုံးကျည်များ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်ပြင်အတွင်းသို့ ကျရောက်ခဲ့သည့် တိုက်ချင်းပစ်ဒုံးလက်နက်ဟု ယူဆရသော အရာတစ်ခုကို တွေ့ရှိခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ဒုံးကျည်များကို မြို့တော်ပြုံယမ်းအနီးရှိ ဒေသတစ်ခုမှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် နိုင်ငံအရှေ့ဘက် ကမ်းလွန်ပင်လယ်ပြင်သို့ ဦးတည်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်းတို့ပိုင်ဆိုင်ထားပြီးဖြစ်သည်ဟု ယူဆရသော နျူကလီးယားလက်နက်များကို သယ်ဆောင်ပစ်ခတ်နိုင်မည့် နည်းလမ်းများ ဖွံ့ဖြိုးလာစေရန်အတွက် ဆယ်စုနှစ် နှစ်ခုကျော်ကြာ ကာလပတ်လုံး တိုက်ချင်းပစ်ဒုံးလက်နက်နှင့် ခရုစ်ဒုံးကျည် အမျိုးမျိုးကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**Mon**



## မြင့်တက်လာသော စွမ်းအင်ဈေးနှုန်းများကို တုံ့ပြန်ဖြေရှင်းရန် အမေရိကန်အရန်ရေနံများ ဈေးကွက်သို့ စောစီးစွာ ရောက်လာမည်



**ဝါရှင်တန် မတ် ၁၄**

အရှေ့အလယ်ပိုင်းပဋိပက္ခ စတင်ချိန်မှစ၍ မြင့်တက်လာသော စွမ်းအင်ဈေးနှုန်းများကို တုံ့ပြန်ဖြေရှင်းရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အမေရိကန်၏ မဟာဗျူဟာမြောက် ရေနံအရန်အင်အားမှ ရေနံများကို လာမည့်ရက်သတ္တပတ်ကုန်တွင် ဈေးကွက်သို့ စောစီးစွာ ဖြန့်ဖြူးပေးနိုင်ရန် မျှော်လင့်သည်ဟု ထရမ့်အစိုးရက မတ် ၁၄ ရက်တွင် အတည်ပြုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါရေနံများကို ကုမ္ပဏီများထံသို့ ချေးငွေပုံစံဖြင့် ထုတ်ပေးမည်ဖြစ်ပြီး ကုမ္ပဏီများအနေဖြင့် အပိုဆောင်းရေနံစည်များနှင့်အတူ ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ဤစနစ်သည် အမေရိကန်အခွန်ထမ်းပြည်သူများအတွက် ကုန်ကျစရိတ်မရှိစေဘဲ ဈေးကွက်ကို တည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုရက်သတ္တပတ်အတွင်း ဝါရှင်တန်က ကြေညာခဲ့သည့် ရေနံစည်ပေါင်း ၁၇၂ သန်း ထုတ်ပေးမည့် အစီအစဉ်၏ ပထမအဆင့်အနေဖြင့် ရေနံစိမ်းစည်ပေါင်း ၈၆ သန်းအတွက် ကုမ္ပဏီများကို လေလံတင်သွင်းရန် တောင်းဆိုထားကြောင်း စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်၏ ယခုကြိုးပမ်းမှုသည် ၃၂ နိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီမှ သဘောတူညီခဲ့သည့် ရေနံစည်ပေါင်း သန်း ၄၀၀ ထုတ်ပေးမည့် ကျယ်ပြန့်သော အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Mon**

## သက်တမ်းကုန် ဘက်ထရီအရေအတွက် ပိုမိုများပြားလာ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေ

**ပေကျင်း မတ် ၁၄**

လျှပ်စစ်ကားများနှင့် စွမ်းအင်သိုလှောင်မှုစနစ်များတွင် လစ်သီယမ်အိုင်ယွန် ဘက်ထရီများ အသုံးပြုမှု မြင့်တက်လာခြင်းကြောင့် သက်တမ်းကုန်ဆုံးသွားသည့် ဘက်ထရီအရေအတွက် ပိုမိုများပြားလာပြီး ရေရှည်တည်တံ့သော စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်နေသည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်သိပ္ပံပညာရှင်များသည် သင့်တင့်လျောက်ပတ်သော အခြေအနေများအောက်တွင် လစ်သီယမ်ကို ၉၅ ရာခိုင်နှုန်းထက် မနည်း ထိရောက်စွာ ထုတ်ယူနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော ပြန်လည်အသုံးပြုသည့် နည်းဗျူဟာသစ်တစ်ခုကို တင်ပြခဲ့ကြသည်။

နေးချား ကွန်မြူနီကေးရှင်းဂျာနယ်တွင် မကြာသေးမီက ဖော်ပြခဲ့သည့် အဆိုပါလေ့လာမှုအရ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေကိုသာ အသုံးပြုသည့် ဆန်းသစ်သော နည်းလမ်းကို ဖော်ထုတ်နိုင်ခဲ့သည်။ ဤချဉ်းကပ်မှုသည် လစ်သီယမ်ကို ပြန်လည်ရရှိစေရုံသာမက ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖမ်းယူထိန်းသိမ်းရင်း အခြားသတ္တုများကိုလည်း တန်ဖိုးမြင့် ကတ်တလစ်များအဖြစ် ပြောင်းလဲပေးသည်။

ပုံမှန်အားဖြင့် လစ်သီယမ်အိုင်ယွန် ဘက်ထရီများသည် ငါးနှစ်မှ ရှစ်နှစ်အတွင်း သက်တမ်းကုန်ဆုံးလေ့ရှိသဖြင့် လစ်သီယမ်၊ ကိုဘော့နှင့် နီကယ်ကဲ့သို့သော အဖိုးတန်သတ္တုများကို ထိန်းသိမ်းရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဘေးအန္တရာယ်များကို ကာကွယ်ရန်အတွက် ပြန်လည်အသုံးပြုခြင်းသည် မရှိမဖြစ်လိုအပ်သည်ဟု တရုတ်သိပ္ပံအကယ်ဒမီမှ ပရော်ဖက်ဆာ ဆွန်ကျိုက ပြောကြားကြောင်းသိရသည်။

**Mon**



## ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု သိသိသာသာ မြင့်တက်လာ မက္ကဆီကိုနှင့် တရုတ်တို့ထက်ပို၍ ကုန်သွယ်မှုပိုငွေပြ

**ဟန္ဒိုင်း မတ် ၁၄**

ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှု သိသိသာသာ မြင့်တက်လာပြီး တရုတ်နိုင်ငံမှ အမေရိကန်သို့ တိုက်ရိုက်တင်ပို့မှုများ လျော့ကျသွားချိန်တွင် ဇန်နဝါရီလအတွင်း အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှု၌ ဗီယက်နမ်က မက္ကဆီကိုနှင့် တရုတ်နိုင်ငံတို့ကို ကျော်လွန်ကာ အများဆုံးကုန်သွယ်မှုပိုငွေပြနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်အစိုးရသည် ဝါရှင်တန်နှင့် ကုန်သွယ်ရေး သဘောတူညီချက်ရရှိရန် လပေါင်းများစွာ ညှိနှိုင်းနေသော်လည်း ကြီးမားသောကုန်သွယ်မှုကွာဟချက်နှင့် ဗီယက်နမ်ကုန်စည်များအပေါ် အမေရိကန်က ကောက်ခံလိုသော အခွန်နှုန်းထားများအပေါ် သဘောထားကွဲလွဲမှုများကြောင့် ယနေ့အထိ သဘောတူညီချက် မရရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရက်သတ္တပတ်နှောင်းပိုင်းတွင် ထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ အချက်အလက်များအရ ဇန်နဝါရီလတွင် ဗီယက်နမ်၏ အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံအထိ ရှိခဲ့သည်။

၎င်းသည် ကုန်သွယ်ဖက်နိုင်ငံအားလုံးတွင် အများဆုံးကုန်သွယ်မှုပိုငွေပမာဏဖြစ်ပြီး ဗီယက်နမ်၏နောက်တွင် ထိုင်ဝမ်၊ မက္ကဆီကိုနှင့် တရုတ်နိုင်ငံတို့ အစဉ်လိုက် ရပ်တည်နေသည်။

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဇန်နဝါရီလတွင် ဗီယက်နမ်၏ အမေရိကန်သို့ ပို့ကုန်တင်ပို့မှုသည် ၅၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ကျော်ရှိခဲ့သော်လည်း အဆိုပါကာလအတွင်း တရုတ်နိုင်ငံမှ အမေရိကန်၏ သွင်းကုန်တင်သွင်းမှုမှာ ၄၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။

**Mon**



❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရန်မှာ ပြည်သူအားလုံး၏ဆန္ဒပင်ဖြစ်...

❖ ထိုသို့ တည်ဆောက်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသား ပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၈၆ ဦးအား မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာအနီးရှိ အဆောက်အအုံများနှင့် နေအိမ်များ၌ ဖမ်းဆီးရမိ



မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာဝန်းကျင်အနီး တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၈၆ ဦး ဖမ်းဆီးရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များကလည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၏ အရှေ့ဘက်မီတာ ၁၅၀၀ ခန့်အကွာ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်း နေထိုင်လျက်ရှိကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးရာ ယနေ့ညနေ ၄ နာရီခန့်တွင် မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၂၅၀၀ အကွာရှိ အဆောက်အအုံနှင့် နေအိမ်များအတွင်း ပုန်းအောင်းနေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၄၃ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား အမျိုးသားတစ်ဦးနှင့်

စာမျက်နှာ ၁၀ သို့ ✻

## စပိန်လာလီဂါပွဲစဉ်(၂၈)တွင် ဂျီရိုနာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**မက်ဒရစ် မတ် ၁၄**

စပိန်လာလီဂါပွဲစဉ်(၂၈)တွင် ဂျီရိုနာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲက ဂျီရိုနာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျီရိုနာအသင်းက ဘီလ်ဘာအိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျီရိုနာအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄ မိနစ်တွင် ရင်ကွန်၊ ပွဲချိန် ၇၇ မိနစ်တွင် အိုနာဟီ၊ ပွဲချိန် (၉၀+၂)မိနစ်တွင် အီချီဗာရီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်က အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့ ပွဲစဉ်တွင်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၈ မိနစ်တွင် မိုလီနာက သွင်းယူပေးခဲ့သည်။

စပိန်လာလီဂါပွဲစဉ်(၂၈) ယှဉ်ပြိုင်ကစားအပြီးတွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၃)နေရာ၊ ဂျီရိုနာအသင်းက ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၁၂)နေရာတို့တွင် ရပ်တည်ခဲ့သည်။ **(NGB)**





## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်းတို့ ဒုတိယခြေစမ်းပွဲ ယှဉ်ပြိုင်

**ရန်ကုန် မတ် ၁၄**

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ အိန္ဒိယအသင်းက မြန်မာအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ပထမခြေစမ်းပွဲထက် ကစားပုံတိုးတက်လာခဲ့သလို နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ဂိုးများ ဆက်တိုက်ပေးလိုက်ရခြင်းကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအသင်းအတွက် သွင်းဂိုး သုံးဂိုးကို အယ်ဗာဒီဗီ၊ ကူမာရီ၊ ဂျိုရာတို့က သွင်းယူပေးခဲ့ပြီး၊ မြန်မာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို နှင်းဝင့်ဝါကျော်၊ မင်းထုန်မေဇီတာတို့က သွင်းယူပေးခဲ့သည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်းတို့သည် မတ် ၁၂ ရက်၊ ၁၄ ရက်တို့တွင် ရန်ကုန်မြို့၌ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားရာ အိန္ဒိယအသင်းက နှစ်ပွဲစလုံး အနိုင်ရယူနိုင်ခဲ့သည်။ **(NGB)**